မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ စနေနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၁၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်နယ်၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ ၂၀၀၆ခုနှစ် တတိယလေးလပတ်အစည်းအဝေး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်နယ်၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ ၂၀၀၆ခုနှစ် တတိယလေးလပတ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၈နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ***စာမျက်နှာ ၃ ကော်လံ ၁*** ✱

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်နယ်၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ ၂၀၀၆ခုနှစ် တတိယလေးလပတ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

အထူးဖွံ့ဖြိုးရေးဒေသများရှိ ကောလိပ်များအား တက္ကသိုလ်အဆင့်တိုးမြှင့် ပြည်ထောင်စုအကျိုးသယ်ပိုးမည့် သားကောင်းရတနာများ အမြောက်အမြားပေါ်ထွန်းလာတော့မည်

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရည်မြင့်မားအောင် ဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးသည် အဓိကအရေးပါသော အခြေခံအကြောင်းရင်းတစ်ရပ်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျကျန်နေခဲ့ရသည့် နယ်စပ်ဒေသများကို ပြည်ထောင်စုကြီး၏ အခြားနယ်မြေဒေသအစိတ်အပိုင်းများနှင့် ဆက်စပ်ယှဉ်တွဲလျက် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထားစီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသမှ ကျောင်းသားကျောင်းသူများကို ဇာတိဌာနေမွေးရပ်မြေ၌ ဆရာတစ်ဆူ ပါရဂူအဖြစ် မျိုးဆက်သစ်များကို ပြန်လည်မွေးထုတ်ပေးနိုင်သည်အထိ ရည်ရွယ်ချက်မြင့်မြင့်မားမားထားရှိကာ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

၁၉၈၈ခုနှစ်မတိုင်မီက တစ်နိုင်ငံလုံးတွင် တက္ကသိုလ်နှင့်ကောလိပ် ၃၂ခုသာရှိခဲ့ပြီး ကွန်ပျူတာတက္ကသိုလ်နှင့် ကွန်ပျူတာကောလိပ်ဟူ၍ မရှိခဲ့ပါချေ။

တပ်မတော်အစိုးရလက်ထက်တွင် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး ရည်မှန်းချက်ဖြင့် အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခဲ့သည်။

တိုင်းရင်းသားများမှီတင်းနေထိုင်ရာ ဒေသအသီးသီးတွင် ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းစေရေးနှင့် ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး၌ အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခု သတ်မှတ်ပြီး ပညာရေးနှင့် နည်းပညာမြင့်မားရေး အလေးအနက်ထား ဖော်ဆောင်ပေးခဲ့သည်။

နိုင်ငံတော်၏ အားပေးမြှင့်တင်ဖော်ဆောင်ပေးမှုကြောင့် ဒေသခံတိုင်းရင်းသား လူငယ်မောင်မယ်များသည် အဆင့်မြင့်ပညာများကို မိမိတို့ ဒေသအတွင်း လက်လှမ်းတမီ လွယ်လင့်တကူ သင်ယူနိုင်ခွင့်ရရှိခဲ့ကြပြီး ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ယခုအခါ ပေါ်ပေါက်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဒေသအလိုက်တိုင်းရင်းသားလူမျိုးအားလုံး ပညာရည်မြင့်မားပြီး ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်က ကြိုတင်စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းရင်းသားများ ပညာသင်ယူနိုင်မှု အခွင့်အလမ်းတစ်ပြေးညီ ဖြစ်ထွန်းရေးနှင့်ဒေသအလိုက် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုရှိ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်မှ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ကောလိပ် ၄၉ခုနှင့် အထူးဖွံ့ဖြိုးရေးဒေသကြီးများရှိ ပညာရေးဝန်ကြီးဌာနအောက်မှ ဒီဂရီကောလိပ် သုံးခုတို့ကို ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၀ရက် (ယနေ့)မှစပြီး တက္ကသိုလ်များအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ပေသည်။

ယခုကဲ့သို့ နိုင်ငံတော်က တိုင်းရင်းသားညီအစ်ကို မောင်နှမများ ပညာရေးအခွင့်အလမ်းများကို တစ်ပြေးညီ ချောမွေ့စွာ ဆည်းပူးလေ့လာနိုင်ကြခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း အသိပညာရှင် အတတ်ပညာရှင်များ ပိုမိုပေါ်ထွန်းတိုးပွားလာမည်ဖြစ်သည်။

နိုင်ငံတည်ဆောက်ရေး၌ ပညာတတ်များ၊ ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ အမှန်တကယ်လိုအပ်လျက်ရှိရာ အထူးဖွံ့ဖြိုးရေးဒေသများရှိ ကောလိပ်များကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးလိုက်သည့်အတွက် မိမိတို့ဒေသအကျိုး မိမိတို့ ပြည်ထောင်စုကြီး၏ အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးစွမ်းဆောင်ပေးနိုင်မည့် အသိပညာရှင် အတတ်ပညာရှင်များ၊ နိုင်ငံ့အကျိုးပြုသားကောင်းရတနာများ အမြောက်အမြား ပေါ်ထွန်းလာတော့မည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေမြန်မာ သာသနာ့ရိပ်သာ တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် ဘုန်းကြီးလမ်း ရွှေမြန်မာ သာသနာ့ ရိပ်သာကျောင်းတိုက်၏ဦးစီးပဓာနနာယကကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝိဇ္ဇာသိဒ္ဓိ အရှင်သူမြတ်သည် (၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၁၃ရက်)မှစတင်၍ မြင်းမူမြို့နယ် အလ္လကပ္ပ ကျေးရွာ နိဂြောဓာရုံ သာသနာ့ ရိပ်သာ၌ အနန္တ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ဝိပဿနာ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဖျာပုံ ဦးဝိလာသ တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၉

ဧရာဝတီတိုင်း ဖျာပုံမြို့ မဟာပုညာရာမတိုက်မင်းကျောင်းမှသာသနာပြု နယ်လှည့်ဓမ္မကထိက အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယဦးဝိလာသ(ဓမ္မာစရိယ) သည် ရှမ်းပြည်နယ် ရပ်စောက်မြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် ဖေဖော်ဝါရီ ၂ရက်မှ ၈ရက်အထိ ကျင်းပမည့် ခုနစ်ရက်တရားစခန်းပွဲ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဟု သိရသည်။ (က-ပ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၁-၂၀၀၇

(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ ဆရာတော် ဦးဃောသိတ တရားတော် **"တေဝိဇ္ဇသုတ်"**

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"သနားလို့"** သရုပ်ဆောင် လွင်မိုး၊ နန္ဒာလှိုင်၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ အရဏ်ဦးကိုဇော်)
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၄:၃၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၂၀ ၈။ မိုးလေဝသသတင်း
- ၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၀။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၁။ အုံသြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့ သံစဉ်"** (အပိုင်း-၁၂)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၆။ English Premier League ဘောလုံးပွဲ Fulham Vs Tottenham Hotspur (Live)

ဘုရှ်၏ အီရတ်ဆိုင်ရာမူဝါဒအပေါ် ပြည်သူများ မထောက်ခံ

အီရတ်ခေါင်းဆောင်များထံ လုံခြုံရေးနှင့်တည်ငြိမ်ရေးကိစ္စများ လွှဲပေးသင့် အီရတ်သို့ တပ်ဖွဲ့ဝင်များတိုးမြှင့်စေလွှတ်မှု ကန့်လွှတ်တော်အမတ်များ ဆန့်ကျင်

ဝါရှင်တန် ဇန်နဝါရီ ၁၉

အီရတ်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်များ တိုးမြှင့်စေလွှတ်မှု အစီအစဉ်အပေါ် ဆန့်ကျင်ကန့်ကွက်ရန်အတွက် အမေရိကန်လွှတ်တော် အမတ်သုံးဦးက သဘောတူ ဆုံးဖြတ်လိုက်ကြသည်။

ထိုအမေရိကန်လွှတ်တော် အမတ်များမှာ ဒီမိုကရက်တစ်မှ နှစ်ဦးနှင့် ရီပတ်ဘလီကင် အမတ်တစ်ဦးတို့ဖြစ်သည်။ အဆိုပါလွှတ်တော် အမတ်များက သမ္မတဘုရှ်၏ အီရတ်ဆိုင်ရာ မူဝါဒသည် အမေရိကန် ပြည်သူများ စိတ်မဝင်စားကြောင်း၊ ထို့အပြင် အကောင်းဘက်က မရှုမြင်ကြကြောင်း၊ အီရတ်လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့အတွက် အီရတ်ခေါင်းဆောင်များထံ အမြန်ဆုံးလွှဲပြောင်းပေးအပ်သင့်ကြောင်း ၎င်းတို့က ပြောကြားလိုက်သည်။

အမေရိကန်လွှတ်တော်အမတ် ဂျို့ဘီဒင်

ကိုယ်ပိုင်ဆုံးဖြတ်ချက်

ထို့အတူ လွှတ်တော်တွင် ဒီမိုကရက်တစ်များကလည်း အဆိုပါ တပ်ဖွဲ့ဝင်များ ထပ်မံဖြန့်ချထားမှုနှင့်ပတ်သက်၍ ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် ဟန့်တားပိတ်ပင်ရန် ကြိုးစားကြလိမ့်မည်ဖြစ်ကြောင်း ၎င်းအမတ်များက ဆက်လက်ပြောကြားသည်။ အဆိုပါလွှတ်တော်အမတ် သုံးဦးမှာ ဒီမိုကရက်တစ်မှ ဂျို့ဘီဒင်နှင့် ကာလ်လီဗင်တို့ဖြစ်ပြီး ရီပတ်ဘလီကင်မှ ချပ်ဟာဂယ်တို့ ဖြစ်သည်။

ဆန့်ကျင်ကန့်ကွက်

၎င်းအမတ်များသည် အမေရိကန်သမ္မတဘုရှ်၏ စစ်ပွဲဆင်နွှဲမှုအပေါ် တစ်လျှောက်လုံး ဆန့်ကျင်ကန့်ကွက်ဝေဖန် ပြစ်တင်ခဲ့ကြသူများ ဖြစ်သည်။

အီရတ်ဆိုင်ရာ သမ္မတဘုရှ်၏မူဝါဒကိုလွှတ်တော်တွင်လည်း မထောက်ခံကြောင်း၊ ပြည်သူများကလည်းမထောက်ခံကြောင်း၊ ယခုထက် ကောင်းမွန်သောနည်းလမ်းကို ရွေးချယ်သင့်ကြောင်း ဂျို့ဘီဒင်က ပြောကြားသည်။

(အင်တာနက်)

*** ရှေ့ဖုံးမှ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ပြည်နယ်၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက ပြည်နယ်၊ တိုင်းအလိုက် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးတို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းကလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကလည်းကောင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရှင်းလင်းရန်ရှိသည်များကို မှာကြားသည်။

နိဂုံးချုပ်အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဆွေးနွေးမှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်နယ်၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ ၂၀၀၆ ခုနှစ် တတိယလေးလပတ် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ခင်ဇော် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ ဗိုလ်ချုပ်မင်းအောင်လှိုင် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်အောင်သန်းထွဋ် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ခင်ဇော်ဦး ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်နယ်၊ တိုင်းအလိုက် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ ဆွေးနွေးတင်ပြ

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဝန်ကြီးဌာနမှ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

✡ *ကျောဖုံးမှ*

ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပဆောင်ရွက်လျက်ရှိရာ မကြာမီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာတော့မည်ဖြစ်သည်။ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ မိမိတို့၏ ဒေသအသီးသီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထိုကာလတွင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို အင်တိုက်အားတိုက် စွမ်းစွမ်းတမံ ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးအတွက် ဒေသအတွင်း အသိပညာရှင်များ၊ နည်းပညာနှင့် ကွန်ပျူတာပညာရှင်များ လုံလောက်စွာ အဆင်သင့်ရှိနေမှသာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို အင်တိုက်အားတိုက် စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

အဆင့်တိုးမြှင့်ဖွင့်လှစ်

သို့ဖြစ်၍ အထူးဖွံ့ဖြိုးရေးဒေသ ၂၄ ခုတွင် နည်းပညာနှင့် ကွန်ပျူတာဆိုင်ရာ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့ရရှိသူများ ဆက်လက်ထွန်းကား တိုးပွားလာစေရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသအသီးသီးရှိ အစိုးရနည်းပညာကောလိပ်များကို နည်းပညာတက္ကသိုလ်များအဖြစ်သို့လည်းကောင်း၊ အစိုးရကွန်ပျူတာကောလိပ်အသီးသီးကို ကွန်ပျူတာတက္ကသိုလ်များအဖြစ်သို့လည်းကောင်း ၂၀၀၇ခုနှစ် ဇန်နဝါရီလ၂၀ရက်မှစ၍ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးလိုက်ကြောင်း သိရှိရသည်။

၂၀၀၇ခုနှစ် ဇန်နဝါရီ၂၀ရက်မှစ၍ ကောလိပ်မှ တက္ကသိုလ်အဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးလိုက်သော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာဆိုင်ရာကျောင်းများမှာ အောက်ပါအတိုင်းဖြစ်သည်–

စဉ်	လက်ရှိကျောင်းများ	တိုးမြှင့်ဖွင့်လှစ်သည့်ကျောင်းများ
၁	အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား)	နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)
၂	အစိုးရနည်းပညာကောလိပ်(ဗန်းမော်)	နည်းပညာတက္ကသိုလ်(ဗန်းမော်)
၃	အစိုးရနည်းပညာကောလိပ်(မန္တလေး)	နည်းပညာတက္ကသိုလ်(မန္တလေး)
၄	အစိုးရနည်းပညာကောလိပ်(ကျောက်ဆည်)	နည်းပညာတက္ကသိုလ်(ကျောက်ဆည်)
၅	အစိုးရနည်းပညာကောလိပ်(မိတ္ထီလာ)	နည်းပညာတက္ကသိုလ်(မိတ္ထီလာ)
၆	အစိုးရနည်းပညာကောလိပ်(လားရှိုး)	နည်းပညာတက္ကသိုလ်(လားရှိုး)
၇	အစိုးရနည်းပညာကောလိပ်(တောင်ကြီး)	နည်းပညာတက္ကသိုလ်(တောင်ကြီး)
၈	အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ)	နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)
၉	အစိုးရနည်းပညာကောလိပ်(ပင်လုံ)	နည်းပညာတက္ကသိုလ်(ပင်လုံ)
၁၀	အစိုးရနည်းပညာကောလိပ်(လွိုင်ကော်)	နည်းပညာတက္ကသိုလ်(လွိုင်ကော်)
၁၁	အစိုးရနည်းပညာကောလိပ်(တောင်ငူ)	နည်းပညာတက္ကသိုလ်(တောင်ငူ)
၁၂	အစိုးရနည်းပညာကောလိပ်(မုံရွာ)	နည်းပညာတက္ကသိုလ်(မုံရွာ)
၁၃	အစိုးရနည်းပညာကောလိပ်(ပခုက္ကူ)	နည်းပညာတက္ကသိုလ်(ပခုက္ကူ)
၁၄	အစိုးရနည်းပညာကောလိပ(ကလေး)	နည်းပညာတက္ကသိုလ်(ကလေး)
၁၅	အစိုးရနည်းပညာကောလိပ်(မကွေး)	နည်းပညာတက္ကသိုလ်(မကွေး)
၁၆	အစိုးရနည်းပညာကောလိပ်(စစ်တွေ)	နည်းပညာတက္ကသိုလ်(စစ်တွေ)
၁၇	အစိုးရနည်းပညာကောလိပ်(ဟင်္သာတ)	နည်းပညာတက္ကသိုလ်(ဟင်္သာတ)
၁၈	အစိုးရနည်းပညာကောလိပ်(ပုသိမ်)	နည်းပညာတက္ကသိုလ်(ပုသိမ်)
၁၉	အစိုးရနည်းပညာကောလိပ်(မအူပင်)	နည်းပညာတက္ကသိုလ်(မအူပင်)
၂၀	အစိုးရနည်းပညာကောလိပ်(မော်ဘီ)	နည်းပညာတက္ကသိုလ်(မော်ဘီ)
၂၁	အစိုးရနည်းပညာကောလိပ်(သန်လျင်)	နည်းပညာတက္ကသိုလ်(သန်လျင်)
၂၂	အစိုးရနည်းပညာကောလိပ်(ဘားအံ)	နည်းပညာတက္ကသိုလ်(ဘားအံ)
၂၃	အစိုးရနည်းပညာကောလိပ်(မော်လမြိုင်)	နည်းပညာတက္ကသိုလ်(မော်လမြိုင်)
၂၄	အစိုးရနည်းပညာကောလိပ်(ထားဝယ်)	နည်းပညာတက္ကသိုလ်(ထားဝယ်)
၂၅	အစိုးရနည်းပညာကောလိပ်(မြိတ်)	နည်းပညာတက္ကသိုလ်(မြိတ်)
၂၆	အစိုးရကွန်ပျူတာကောလိပ်(မြစ်ကြီးနား)	ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)
၂၇	အစိုးရကွန်ပျူတာကောလိပ်(ဗန်းမော်)	ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)
၂၈	အစိုးရကွန်ပျူတာကောလိပ်(မန္တလေး)	ကွန်ပျူတာတက္ကသိုလ်(မန္တလေး)
၂၉	အစိုးရကွန်ပျူတာကောလိပ်(မိတ္ထီလာ)	ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)

စဉ်	လက်ရှိကျောင်းများ	တိုးမြှင့်ဖွင့်လှစ်သည့်ကျောင်းများ
၃၀	အစိုးရကွန်ပျူတာကောလိပ်(လားရှိုး)	ကွန်ပျူတာတက္ကသိုလ်(လားရှိုး)
၃၁	အစိုးရကွန်ပျူတာကောလိပ်(တောင်ကြီး)	ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)
၃၂	အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ)	ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)
၃၃	အစိုးရကွန်ပျူတာကောလိပ်(ပင်လုံ)	ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)
၃၄	အစိုးရကွန်ပျူတာကောလိပ်(လွိုင်ကော်)	ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)
၃၅	အစိုးရကွန်ပျူတာကောလိပ်(တောင်ငူ)	ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)
၃၆	အစိုးရကွန်ပျူတာကောလိပ်(မုံရွာ)	ကွန်ပျူတာတက္ကသိုလ်(မုံရွာ)
၃၇	အစိုးရကွန်ပျူတာကောလိပ်(ပခုက္ကူ)	ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)
၃၈	အစိုးရကွန်ပျူတာကောလိပ်(ကလေး)	ကွန်ပျူတာတက္ကသိုလ်(ကလေး)
၃၉	အစိုးရကွန်ပျူတာကောလိပ်(မကွေး)	ကွန်ပျူတာတက္ကသိုလ်(မကွေး)
၄၀	အစိုးရကွန်ပျူတာကောလိပ်(ပြည်)	ကွန်ပျူတာတက္ကသိုလ်(ပြည်)
၄၁	အစိုးရကွန်ပျူတာကောလိပ်(ဟင်္သာတ)	ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)
၄၂	အစိုးရကွန်ပျူတာကောလိပ်(ပုသိမ်)	ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)
၄၃	အစိုးရကွန်ပျူတာကောလိပ်(မအူပင်)	ကွန်ပျူတာတက္ကသိုလ်(မအူပင်)
၄၄	အစိုးရကွန်ပျူတာကောလိပ်(စစ်တွေ)	ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)
၄၅	အစိုးရကွန်ပျူတာကောလိပ်(ရန်ကုန်)	ကွန်ပျူတာတက္ကသိုလ်(ရန်ကုန်)
၄၆	အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)	ကွန်ပျူတာတက္ကသိုလ်(ဘားအံ)
၄၇	အစိုးရကွန်ပျူတာကောလိပ်(မော်လမြိုင်)	ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်)
၄၈	အစိုးရကွန်ပျူတာကောလိပ်(ထားဝယ်)	ကွန်ပျူတာတက္ကသိုလ်(ထားဝယ်)
၄၉	အစိုးရကွန်ပျူတာကောလိပ်(မြိတ်)	ကွန်ပျူတာတက္ကသိုလ်(မြိတ်)
၅၀	အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)	အစိုးရနည်းပညာကောလိပ်(မိုးညှင်း)
၅၁	အစိုးရစက်မှုလက်မှုသိပ္ပံ(ရွှေဘို)	အစိုးရနည်းပညာကောလိပ်(ရွှေဘို)
၅၂	အစိုးရစက်မှုလက်မှုသိပ္ပံ(စစ်ကိုင်း)	အစိုးရနည်းပညာကောလိပ်(စစ်ကိုင်း)
၅၃	အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)	အစိုးရနည်းပညာကောလိပ်(မြင်းခြံ)

ယခုကဲ့သို့ နိုင်ငံတော်က တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဒေသများအတွင်း ပညာရေး အခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းပြီး အခက်အခဲမရှိ ဆည်းပူးရရှိနိုင်ရေးနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ အုံနှင့်ကျင်းနှင့် ပေါ်ထွန်းတိုးပွားလာရေးအတွက် စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသခံပညာရှင် ပညာတတ်များ၏စွမ်းအားဖြင့် ပိုမိုတိုးမြှင့်ဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်သည်။

အရှိန်အဟုန်ပိုမိုမြင့်မားလာမည်

ယင်းသို့ ဖော်ဆောင်နိုင်သည်နှင့်အမျှ တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆူကြုံနိမ့်မြင့်ကွာဟမှုများ နည်းနိုင်သမျှ နည်းပါးသွားမည်ဖြစ်သည်။ ထို့အတူ ပြည်နယ်/တိုင်းဒေသအသီးသီး တစ်ပြိုင်တည်း ယှဉ်တွဲဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် တစ်နိုင်ငံလုံး၏ ဖွံ့ဖြိုးတိုးတက်မှုလည်း အရှိန်အဟုန်ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ) ကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၀ ရက် (ယနေ့) **မှစ၍ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။**

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

■ ကျောဖုံးမှ

၁၉၈၈ခုနှစ်မတိုင်မီက မြန်မာနိုင်ငံ၏ တက္ကသိုလ်ကဏ္ဍ အခြေခံအဆောက်အအုံပိုင်းကိုကြည့်ပါက တစ်နိုင်ငံလုံး၌ တက္ကသိုလ်နှင့်ကောလိပ် ၃၂ ခုသာရှိခဲ့သည်။

အကောင်အထည်ဖော်

တပ်မတော်အစိုးရလက်ထက်တွင် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲချမှတ် အကောင်အထည်ဖော်ခဲ့သည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရာတွင် တိုင်းရင်းသားများ မှီတင်းနေထိုင်ရာ ဒေသအသီးသီးတွင် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းစေရေးနှင့် ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး၌ အထူးဖွံ့ဖြိုးရေးဒေသ ၂၄ ခု သတ်မှတ်ပြီး ပညာရေးနှင့် နည်းပညာမြင့်မားရေး ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနက အထူးဖွံ့ဖြိုးရေးဒေသ ၂၁ ခုတွင် တက္ကသိုလ် ၂၁ ခု ဖွင့်လှစ်ပေးခဲ့ပြီး ကျန်ဒေသသုံးခုတွင် ဒီဂရီကောလိပ်သုံးခု ဖွင့်လှစ်ပေးခဲ့သည်။

သင်ယူနိုင်

ယင်းကဲ့သို့ နိုင်ငံတော်၏ အားပေးမြှင့်တင်ဖော်ဆောင်ပေးမှုကြောင့် ဒေသခံတိုင်းရင်းသားများသည် အဆင့်မြင့်ပညာများကို ဒေသအတွင်း လက်လှမ်းတမီ လွယ်လင့်တကူ သင်ယူနိုင်ခွင့်ရရှိခဲ့ကြပြီး ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရာတွင်ပါဝင်မည့် အခြေခံမူများချမှတ်နိုင်ရန်အတွက် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိသည်။ မကြာမီ အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပပြီးစီးပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြဋ္ဌာန်းနိုင်တော့မည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ တိုင်းရင်းသားပြည်သူများသည် မိမိတို့၏ဒေသအသီးသီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထိုကာလတွင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို ပညာရည်မြင့်မားမှသာ စွမ်းဆောင်နိုင်မည်ဖြစ်သည့်အတွက် တိုင်းရင်းသားလူမျိုးအားလုံး ပညာရည်မြင့်မားပြီး အတွေးအခေါ် အကြံအစည်အားထုတ်မှု၊ ဖန်တီးမှုစသည့်အရည်အချင်းများ ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်က ကြိုတင်စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆင့်တိုးမြှင့်

သို့ဖြစ်၍ အထူးဖွံ့ဖြိုးရေးဒေသသုံးခုတွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် ကျန်ရှိနေသေးသော ဒီဂရီကောလိပ်သုံးခုအား ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှစ၍ တက္ကသိုလ်များအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးလိုက်သော ပညာရေးဝန်ကြီးဌာနအောက်ရှိ ဒီဂရီကျောင်းများမှာ အောက်ပါအတိုင်းဖြစ်သည်–

စဉ်	လက်ရှိကျောင်းများ	တိုးမြှင့်ဖွင့်လှစ်သည့်ကျောင်းများ
၁	ဗန်းမော်ဒီဂရီကောလိပ်	ဗန်းမော်တက္ကသိုလ်
၂	လားရှိုးဒီဂရီကောလိပ်	လားရှိုးတက္ကသိုလ်
၃	ကျိုင်းတုံဒီဂရီကောလိပ်	ကျိုင်းတုံတက္ကသိုလ်

တိုးချဲ့ဖွင့်လှစ်

အဆိုပါဒီဂရီကောလိပ်များကို တက္ကသိုလ်များအဖြစ် အဆင့်မြှင့်လိုက်သဖြင့် အထူးဖွံ့ဖြိုးရေးဒေသ ၂၄ ခုစလုံးတွင် ပညာရေးဝန်ကြီးဌာန၏အောက်မှ ဒီဂရီကောလိပ်အားလုံးသည် တက္ကသိုလ်အဆင့်ဖြစ်သွားပြီဖြစ်သည်။ အဆိုပါတက္ကသိုလ်အသီးသီးတွင် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို တိုးချဲ့ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

၎င်းတက္ကသိုလ်အသီးသီးတွင် သင်ကြားရေးအစီအစဉ်သစ်များ၊ ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ၊ နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများကို ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ရာ တက္ကသိုလ်များတည်ရှိရာ ဒေသအသီးသီး၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၀–၁–၂၀၀၇ (စနေနေ့)

၇:၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇:၀၅ အဘိဓမ္မာနှင့် ဝိပဿနာ တရားတော် (သီတဂူဆရာတော်) (အပိုင်း–၂)
၇:၃၅ နုနယ်နက်ရှိုင်းသောအတွေးတို့မှသည် အဖြူရောင်များပေါ်သို့
၈:၀၀ တေးဂီတအစီအစဉ်
၈:၀၅ တစ်ပတ်အတွင်း အားကစားသတင်း
၈:၂၀ တေးဂီတအစီအစဉ်
၈:၂၅ ပေါ့ပေါ့ပါးပါးဂေါက်သီး အားကစား(အခြေခံ) (အပြည့်လွှဲခြင်း၊ သဲကျင်းဘန်ကာရိုက်ချက်)
၈:၃၀ ပြည်တွင်းသတင်းအကျဉ်း
၈:၄၀ မိုးလေဝသခန့်မှန်းချက်
၈:၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၀၅ မြန်မာ့ရိုးရာ အစားအစာပြပွဲ
၉:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၃၀ ကလေးတို့အတွက် လက်ဆောင် (စက္ကူပုတီးပြုလုပ်နည်း)
၉:၄၀ တေးဂီတအစီအစဉ်
၉:၄၅ ဖိတ်ခေါ်လိုက်ပါသည် ငွေဆောင်ကမ်းခြေဆီ
၉:၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၅ နယည်ဆန်းထွင်ပန်းအလှဆင်
၁၀:၃၅ သိမှတ်ဖွယ်ရာ တူးမြောင်းနည်းဥပဒေသများ
၁၀:၄၀ တေးဂီတအစီအစဉ်
၁၀:၄၅ သိစေချင်သည် ICT (Java Language အကြောင်း သိကောင်းစရာ)
၁၁:၀၀ တေးဂီတအစီအစဉ်
၁၁:၀၅ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စပါးခွံဓာတ်ငွေ့သုံးစက်
၁၁:၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀ Celebrity Profile (LLဆိုင်းဇီနှင့် တွေ့ဆုံခြင်း)
၁၁:၅၅ စက္ကူရွက်ဝေရှမ်းထီးသက်သေ
၁၂:၁၀ တေးဂီတအစီအစဉ်
၁၂:၁၅ ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း
၁၂:၂၅ နိုင်ငံတကာအနုပညာရေးရာ
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို
နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊
မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊
နံနက် ၁နာရီမှ နံနက် ၇နာရီအထိတစ်ကြိမ်
လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၀၀	ပွဲကြိုသုံးသပ်ချက်(၁)	5-Sports
၆:၃၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports(Live)
၇:၁၀	Liverpool-Chelsea	5-Sports(Live)
၉:၂၅	Fulham-Tottenham	5-Sports(Live)
	Newcastle-Westham	5-Series(Live)
	Reading-Shifield Utd	5-Cartoon(Live)
၁၁:၄၀	Man:City-Blackburn	5-Series(Live)
၁၂:၀၀	Astonvilla-Waltford	5-Sports(SDD)

ပညာရေး အခွင့်အလမ်း တစ်ပြေးညီပွင့်လန်း

နိုင်ငံတော်က တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဒေသများအတွင်း ပညာရေး အခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းပြီး အခက်အခဲမရှိ ဆည်းပူးရရှိနိုင်ရေးနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ အံ့နှင့်ကျင်းနှင့် ပေါ်ထွန်းတိုးပွားလာရေးအတွက် စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသခံ ပညာရှင် ပညာတတ်များ၏စွမ်းအားဖြင့် ပိုမိုတိုးမြှင့်ဖော်ဆောင်ပေးသွားနိုင်မည်။

ကရင်ပြည်နယ် အစိုးရကွန်ပျူတာကောလိပ် (ဘားအံ)ကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၀ရက် (ယနေ့)မှစ၍ ကွန်ပျူတာတက္ကသိုလ် (ဘားအံ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်လိုက်ပေပြီ။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး သဘောထားကြေညာချက်

မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာတည်ရှိမှုကို ထိပါးရာရောက်သည့် အမေရိကန်၊ ဗြိတိန်တို့၏လုပ်ရပ်နှင့် ပြည်တွင်းပြည်ပရှိဒီမိုကရေစီလှုပ်ရှားသူများအမည်ခံ အမျိုးသားသစ္စာဖောက်များကို ပြစ်တင်ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၁၉

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးက သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၏ သဘောထားကြေညာချက်

အမေရိကန်နှင့်ဗြိတိန်တို့သည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းကိုတင်သွင်းခဲ့သဖြင့် ၁၂–၁–၂၀၀၇ရက်နေ့တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာသုံးပြီး ကန့်ကွက်ပယ်ချခဲ့ကြကာ တောင်အာဖရိက နိုင်ငံကလည်း ကန့်ကွက်မဲပေးခဲ့ပြီး အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာနိုင်ငံတို့က ကြားနေမဲပေးခဲ့ကြသည်ကို သိရပါသည်။

အမေရိကန်သည်ဗြိတိန်နှင့်ပူးပေါင်းပြီး ကုလသမဂ္ဂ၏ကောင်းမြတ်သော မူလအခြေခံရည်ရွယ်ချက်များကို အုပ်စုဖွဲ့၍စည်းလွတ်ဘောင်လွတ် အသုံးချရန်ကြိုးစားခဲ့သည်မှာ နိုင်ငံတစ်နိုင်ငံ၏အချုပ်အခြာအာဏာ သာမန် ဝင်ရောက်စွက်ဖက်မှု တစ်ခုမျှသာမက အခြားသော ကမ္ဘာ့နိုင်ငံငယ်များကိုပင် ခြိမ်းခြောက်စော်ကားလိုသည့် ကြိုးပမ်းမှုတစ်ခုဖြစ်သည်ဟု ခံယူယုံကြည်ပါသည်။

အဖွဲ့ဝင်နိုင်ငံများအား တရားမျှတစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် ကုလသမဂ္ဂအဖွဲ့ကြီးတွင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ရန် အခွင့်အာဏာမရှိသကဲ့သို့ အခြားသော အင်အားကြီးနိုင်ငံတစ်နိုင်ငံ(သို့မဟုတ်)အုပ်စုဖွဲ့နိုင်ငံအချို့ကလည်းကုလသမဂ္ဂအဖွဲ့ကြီး၏ ကောင်းမြတ်သော အစဉ်အလာနှင့် အခွင့်အာဏာများကို ခုတုံးလုပ်ရန် အားထုတ်ခွင့်မရှိပေ။

သို့ပါ၍ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာတည်ရှိမှု၊ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ အမျိုးသားလုံခြုံမှုနှင့် အမျိုးသားစည်းလုံးညီညွတ်မှုတို့ကို ထိပါးရာရောက်သည့်အမေရိကန်နှင့်ဗြိတိန်တို့၏ လုပ်ရပ်အားလည်းကောင်း၊ မြန်မာပြည်၏ ပြည်တွင်းရေးကိုမငြိမ်မသက်ဖြစ်အောင် ဖောက်ခွဲဖျက်ဆီးခြင်း၊ ပြည်သူလူထုအတွင်း မမှန်မကန်သော ဆော်ဩလှုပ်ရှားခြင်းအမျိုးမျိုး ပြုလုပ်နေကြသော ပြည်ပအားကိုးပုဆိန်ရိုးများ၏ လုပ်ရပ်များအားလည်းကောင်း မြန်မာနိုင်ငံနှင့်မြန်မာနိုင်ငံသူ နိုင်ငံသားများ၏အကျိုးထက် မိမိတို့၏ကိုယ်ကျိုး၊ ဂိုဏ်းဂဏ၏အကျိုးနှင့် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုတို့ဖြင့် မျက်စိစုံမိတ်၍ နိုင်ငံတော်အား အစဉ်တစိုက်ဆန့်ကျင်လျက်ရှိနေကြသည့် ပြည်တွင်းပြည်ပရှိဒီမိုကရေစီလှုပ်ရှားသူများ အမည်ခံ အမျိုးသားသစ္စာဖောက်များ၏ လုပ်ရပ်များကိုလည်းကောင်း ပြင်းထန်စွာ ပြစ်တင်ရှုတ်ချလိုက်သည်။

အမေရိကန်နှင့်ဗြိတိန်တို့၏ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုမျိုးကို ဗီတိုအာဏာသုံး၍ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သည့် တောင်အာဖရိကသမ္မတ နိုင်ငံအားလည်းကောင်း၊ ကြားနေမဲပေးခဲ့ကြသည့် ကွန်ဂိုသမ္မတနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် ကာတာနိုင်ငံတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး။

ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) သဘောထားကြေညာချက်

မြန်မာ့ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန်ကြိုးပမ်း အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်မကန်သောလုပ်ရပ်ပျက်ပြားသွားခြင်းမှာ အမှန်တရားကိုမြတ်နိုးတန်ဖိုးထားသည့် မြန်မာပြည်သူတစ်ရပ်လုံး၏အောင်ပွဲဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၉

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)က ဇန်နဝါရီ၁၆ရက်တွင် သဘောထားကြေညာချက် တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၆ ရက်။

၁။ အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏တင်ပြမှုကြောင့် မြန်မာနိုင်ငံအခြေအနေသည် ဒေသတွင်းတည်ငြိမ်ရေးကို ခြိမ်းခြောက်နိုင်သည်ဟူသော စွပ်စွဲချက်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ၁၅–၉–၂၀၀၆ရက်၌ ထည့်သွင်းရန်ဆုံးဖြတ်ခဲ့ခြင်းသည် အမေရိကန်မှ ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်သဖြင့် လက်မခံကြောင်းနှင့် ရှုတ်ချကန့်ကွက်ကြောင်း ကျွန်ုပ်တို့ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၏ သဘောထားအား ၂၅–၉–၂၀၀၆ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံအခြေအနေကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးမည့်အစီအစဉ်အား ကျွန်ုပ်တို့အဖွဲ့အစည်းမှ ရှုတ်ချကန့်ကွက်ခဲ့သည့်နည်းတူ မြန်မာပြည်သူတစ်ရပ်လုံးမှလည်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီးဖြစ်ပါသည်။

၃။ ယခုကဲ့သို့ မြန်မာပြည်သူတစ်ရပ်လုံးနှင့် နိုင်ငံတကာပြည်သူတို့ ကန့်ကွက်နေသည့်ကြားမှ အမေရိကန် အစိုးရသည် ဗြိတိန်နိုင်ငံနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ် နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှု၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုကို တားဆီးနှိမ်နင်းခြင်းမရှိမှုစသည့် မမှန်ကန်သောလုပ်ကြံစွပ်စွဲချက်များဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံ၏အရေးကိစ္စအပေါ် ဆုံးဖြတ်ချက်ချမှတ် အရေးယူနိုင်ရန် အဆိုပြုချက်မူကြမ်းတစ်ရပ် တင်သွင်းခဲ့ပါသည်။

၄။ ထိုအဆိုပြုချက်မူကြမ်း၌ မြန်မာနိုင်ငံအရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာ၏ငြိမ်းချမ်းရေး၊ လုံခြုံရေးကိုထိခိုက်စေသည်ဟု ဖော်ပြထားခြင်းသည် မမှန်မကန်စွပ်စွဲလုပ်ကြံမှုသက်သက်သာဖြစ်သည့်အတွက် ၎င်းအဆိုပြုချက် မူကြမ်းအပေါ် ၁၂–၁–၂၀၀၇ရက်နေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ရာ၌ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာသုံး ပယ်ချခဲ့သည့်အပြင် တောင်အာဖရိကနိုင်ငံမှ ကန့်ကွက်မဲပေးကာ ကျန်လုံခြုံရေးကောင်စီ အဖွဲ့ဝင်သုံးနိုင်ငံမှ ကြားနေခဲ့ကြပါသည်။

၅။ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန် ကြိုးပမ်းအားထုတ်ပြီး ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်ကန်သော တစ်ဖက်သတ်လုပ်ရပ်သည် ကုလသမဂ္ဂတွင် အောင်မြင်မှုမရရှိဘဲ ပျက်ပြားသွားရခြင်းမှာ အမှန်တရားကို မြတ်နိုးတန်ဖိုးထားသည့် မြန်မာပြည်သူတစ်ရပ်လုံးနှင့် နိုင်ငံတကာ ပြည်သူများ၏ အောင်ပွဲတစ်ရပ်ဖြစ်ပါသည်။

၆။ ထို့အပြင် မြန်မာနိုင်ငံ၏အခြေအနေကို နားလည်စာနာမှုပေးပြီး ထောက်ခံမှုပြုခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား ကျွန်ုပ်တို့အဖွဲ့အစည်းမှ ကျေးဇူးတင်ရှိပါသည်။

၇။ မြန်မာနိုင်ငံ၏အရေးကိစ္စသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများအချင်းချင်း ပြည်တွင်း၌သာ ပူးပေါင်းဖြေရှင်းသင့်သည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။ ယခုကဲ့သို့ ပြည်ပမှဝင်ရောက်စွက်ဖက်ကြိုးကိုင် ဖြေရှင်းပေးမှုကို လက်မခံနိုင်ပါ။ ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း ဆက်လက်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျင်းပဆဲ အမျိုးသားညီလာခံတွင် ဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းသည်သာ အမှန်ကန်ဆုံးဖြစ်သည်ဟု ကျွန်ုပ်တို့ ရှမ်းပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)မှ အလေးအနက် အခိုင်အမာယုံကြည်ကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ခွန်ချစ်မောင်

ဥက္ကဋ္ဌ

ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့

(ရလလဖ၊ S.N.P.L.O)

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း သဘောထားကြေညာချက်

အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် မဟုတ်မမှန်လုပ်ကြံစွပ်စွဲခြင်း တစ်ဖက်သတ်ဖိအားပေးခြင်းများကို ကြိုဆိုထောက်ခံခဲ့ကြသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား ပြစ်တင်ရှုတ်ချကန့်ကွက်

ရန်ကုန် ဇန်နဝါရီ ၁၉

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းက ဇန်နဝါရီ ၁၅ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၏ သဘောထားကြေညာချက်

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို စွက်ဖက်ခြယ်လှယ်ရန် ကြိုးပမ်းအားထုတ်၍ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးအစီအစဉ်တွင်ထည့်သွင်းရန် ဖိအားပေးလုပ်ဆောင်ပြီးနောက် မြန်မာနိုင်ငံ၏ အရေးကိစ္စအပေါ် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင်ကျင်းပသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ ဆုံးဖြတ်ချက်ချမှတ်အရေးယူရန် ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခဲ့သော အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်မကန်တစ်ဖက်သတ်ဖိအားပေး လုပ်ဆောင်ချက်တို့သည် အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားခဲ့ရပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းနှင့် အသင်းဝင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက ဝမ်းမြောက်မိပါသည်။

အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ်မဟုတ်မမှန် လုပ်ကြံစွပ်စွဲခြင်း၊ တစ်ဖက်သတ်ဖိအားပေးခြင်းစသော လုပ်ဆောင်ချက်များကို ကြိုဆိုထောက်ခံခဲ့ကြသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား ပြစ်တင်ရှုတ်ချကန့်ကွက်လိုက်ပါသည်။

အဆိုပါအဆိုပြုချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ရာ၌ ဗီတိုအာဏာသုံး၍ ပယ်ချခဲ့သော လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံတွင် ပါဝင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိက သမ္မတနိုင်ငံအားလည်းကောင်း အထူးကျေးဇူးတင်စွာဖြင့် ချီးကျူးဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း။

ရက်စွဲ။ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၅ ရက် ရန်ကုန်မြို့။

တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး သဘောထားကြေညာချက်

မြန်မာ့အရေးကိစ္စ တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာဖြေရှင်းသင့် အမျိုးသားညီလာခံ၌ ဆွေးနွေးအဖြေရှာခြင်းသည်သာ မှန်ကန်သောနည်းလမ်းဖြစ် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို ကန့်ကွက်

ရန်ကုန် ဇန်နဝါရီ ၁၉

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံးက သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့က မြန်မာ့ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး၏ ထုတ်ပြန်ကြေညာချက်

၁။ အမေရိကန်နှင့် ဗြိတိန်တို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မြန်မာနိုင်ငံအရေးကို ဝင်ရောက်စွက်ဖက်ရန် ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းမှုအပေါ် မိမိတို့အဖွဲ့အနေဖြင့် ကန့်ကွက်သည့်အပြင် မြန်မာနိုင်ငံအပေါ် စာနာနားလည်ပေးပြီး ဗီတိုအာဏာ (Double Veto) သုံး၍ ကန့်ကွက်ပယ်ချပေးသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား ကျေးဇူးတင်မိပါကြောင်း ဖော်ပြအပ်ပါသည်။

၂။ အမေရိကန်နှင့် ဗြိတိန်တို့၏ နိုင်ငံရေးအကျဉ်းသားများအား မတရားဖမ်းဆီးချုပ်နှောင်ထားမှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားနေမှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းစသည့် အကြောင်းပြချက်များသည် မမှန်မကန်သောအကြောင်းပြချက်များသာဖြစ်ပြီး မြန်မာနိုင်ငံအရေး ဝင်ရောက်စွက်ဖက်မှုကို မိမိတို့အဖွဲ့အနေဖြင့် ကန့်ကွက်ပါသည်။

၃။ မြန်မာနိုင်ငံအရေးသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိပါးစေသည်ဆိုသော မမှန်မကန် စွပ်စွဲ၍ တင်သွင်းသည့် အဆိုပြုချက်မူကြမ်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကသမ္မတနိုင်ငံတို့က ကန့်ကွက်ပြီး ကျန်သုံးနိုင်ငံမှ ကြားနေအဖြစ် ကန့်ကွက်ပယ်ချမှုသည် နိုင်ငံတကာနှင့် မြန်မာပြည်သူတို့၏ အောင်ပွဲပင်ဖြစ်သည်။

၄။ မြန်မာနိုင်ငံအရေးကိစ္စကို တိုင်းရင်းသားအချင်းချင်း ပြည်တွင်းတွင်ဖြေရှင်းသင့်ကြသည်ဟု ယုံကြည်ပါသည်။ ပြည်ပမှဝင်ရောက်စွက်ဖက်မှုကို ကန့်ကွက်ပါကြောင်းနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ပြည်တွင်းရေးကို အမျိုးသားညီလာခံတွင် တွေ့ဆုံဆွေးနွေးအဖြေရှာ ခြင်းဖြင့်သာ မှန်ကန်သောနည်းလမ်းဖြစ်သည်ဟု ဒီကေဘီအေမှ ယုံကြည်ပါကြောင်း ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး
မြိုင်ကြီးငူအထူးဒေသ။

● *ကျောဖုံးမှ*

နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်စေနိုင်သဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် တင်ပြတောင်းဆိုပြီး တစ်ဖက်သတ်ဖိအားပေး စည်းရုံးလုပ်ဆောင်ခဲ့သည်။

၂။ ယင်းကဲ့သို့ အမေရိကန်၏ တင်ပြတောင်းဆိုမှုနှင့်စပ်လျဉ်း၍ ၂၀၀၆ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့၌ လုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ(၁၀)မဲ၊ ကန့်ကွက်မဲ(၄)မဲ၊ ကြားနေမဲ(၁)မဲဖြင့် အတည်ပြုခဲ့ရပြီးနောက် မြန်မာနိုင်ငံ၏အခြေအနေ Situation in Myanmar ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန်ဆုံးဖြတ်ခဲ့သည်။

၃။ ထိုသို့ အမေရိကန်နှင့်ဗြိတိန်တို့ ဦးဆောင်တင်သွင်းသည့် အဆိုပြုချက်မူကြမ်းနှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ခြင်းမပြုမီ လုံခြုံရေးကောင်စီ၌ ဇန်နဝါရီလ ၁၂ရက်နေ့က ဆွေးနွေးကြပါသည်။ မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ပြည်တွင်းရေးကိစ္စသာဖြစ်၍ ဒေသတွင်း နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်မှုမရှိသဖြင့် လုံခြုံရေးကောင်စီ၏အစီအစဉ်တွင် ထည့်သွင်းရန်မသင့်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဝမ်ကွမ်းရက "လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ အရေးကိစ္စတွင် ပါဝင်ပတ်သက်ဆောင်ရွက်ရန်မလိုအပ်ကြောင်း"၊ အလားတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာဗိုက်တလီချာကင်ကလည်း "လုံခြုံရေးကောင်စီအား ၎င်းလုပ်ဆောင်ရမည့် အတိုင်းအတာထက် ကျော်လွန်၍ လုပ်ဆောင်စေရန်အသုံးချလိုသော အားထုတ်ကြိုးပမ်းမှုများကို လက်မခံနိုင်ကြောင်း"၊ ကုလသမဂ္ဂဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဒူမီဆာနီ၊ အက်စ်ကူမာလို ကလည်း "မြန်မာနိုင်ငံအရေးကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုခြိမ်းခြောက်ရာ မရောက်ဟု ထပ်လောင်းအတည်ပြု ပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် တောင်အာဖရိကနိုင်ငံအနေဖြင့် ဆုံးဖြတ်ချက်မူကြမ်းကို မထောက်ခံနိုင်ကြောင်း" ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက် အမေရိကန်နှင့် ဗြိတိန်တို့ ဦးဆောင်တင်သွင်းသည့် အဆိုပြုချက်မူကြမ်းကို လုံခြုံရေးကောင်စီအဖွဲ့ဝင် ကိုးနိုင်ငံတို့က ထောက်ခံမဲပေးခဲ့ကြသော်လည်း အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့နှင့်အတူ တောင်အာဖရိကသမ္မတနိုင်ငံက ကန့်ကွက်မဲပေးခဲ့ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ (Double Veto)သုံးပြီး ပယ်ချလိုက်ခြင်းဖြစ်သည်။

၄။ မြန်မာနိုင်ငံဂီတအစည်းအရုံးအနေဖြင့် အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်မကန်ဝင်စွက်သည့်လုပ်ရပ်အား ဆန့်ကျင်ရှုတ်ချလိုက်သည်။ ထို့အပြင် ပြည်တွင်းပြည်ပရှိ ပြည်ပအားကိုးပုဆိန်ရိုးများကိုလည်း ဆန့်ကျင်ရှုတ်ချလိုက်သည်။

၅။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးတွင် ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိက သမ္မတနိုင်ငံအားလည်းကောင်း မြန်မာနိုင်ငံ ဂီတအစည်းအရုံးက အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံး။

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း သဘောထားကြေညာချက်

မြန်မာ့ပြည်တွင်းရေးစွက်ဖက်ရန် အမေရိကန်၏ကြိုးပမ်းမှုအချည်းနှီးဖြစ် မြန်မာနိုင်ငံအပေါ် အမျိုးမျိုး စွပ်စွဲပြောဆိုလျက်ရှိသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား ကန့်ကွက်ပြစ်တင်ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၁၉

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းက ဇန်နဝါရီ ၁၄ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ သဘောထားကြေညာချက်

၁။ အမေရိကန်နှင့်ဗြိတိန်တို့အနေဖြင့် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် အလို့ငှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းကို တင်သွင်းခဲ့ပြီး ဇန်နဝါရီလ ၁၂ရက်တွင် အဖွဲ့ဝင်နိုင်ငံများက မဲခွဲဆုံးဖြတ်ခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ပြိုင်တူ ဗီတိုအာဏာ (Double Veto) သုံး ကန့်ကွက်ပယ်ချခဲ့ကြောင်း သိရှိရပါသည်။

၂။ ထို့အပြင် တောင်အာဖရိကသမ္မတနိုင်ငံကပါ ကန့်ကွက်မဲပေးခဲ့ပြီး အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာ သုံးနိုင်ငံတို့က ကြားနေမဲပေးခဲ့ကြရာ အမေရိကန်၏ စွက်ဖက်ရေးကြိုးပမ်းမှုမှာ အချည်းနှီးဖြစ်သွားရပြီ ဖြစ်ပါသည်။

၃။ ကုလသမဂ္ဂဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့ကလည်း အမေရိကန်ဦးဆောင်တင်သွင်းသော အဆိုပါမူကြမ်းသည် လုံခြုံရေးကောင်စီသို့ မူလပေးအပ်ထားခြင်းခံရသော တာဝန်များထက်ကျော်လွန်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ကျန်မြန်မာ့မိတ်ဆွေနိုင်ငံများကလည်း မြန်မာ့နိုင်ငံအရေးသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်မှု မရှိကြောင်း ပြတ်သားရှင်းလင်းစွာ ပြောဆိုခဲ့ကြပါသည်။

၄။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမေရိကန်နှင့်ဗြိတိန်တို့၏ မြန်မာ့အရေးကိစ္စအဆိုမူကြမ်း ရှုံးနိမ့်သွားရခြင်းမှာ တရားမျှတမှုအောင်ပွဲဟု ပြောနိုင်သလို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဂုဏ်သိက္ခာကိုလည်း မြှင့်တင်ပေးလိုက်ခြင်းဟု ကျွန်ုပ်တို့ယူဆပါသည်။

၅။ အမေရိကန်ပြည်ထောင်စုသည် တစ်ဖက်သတ်စွပ်စွဲချက်များဖြင့်ဗိုလ်ကျစိုးမိုးမှုဝါဒ အခြေခံကာ မြန်မာနိုင်ငံအပေါ် အမျိုးမျိုး စွပ်စွဲပြောဆိုလျက်ရှိရာ ယခုနောက်ဆုံးကြိုးပမ်းချက်မတိုင်မီ ပြည်သူများလက်မခံသည့်ကြားကပင် စီးပွားရေးပိတ်ဆို့မှုများဖြင့်လည်း မြန်မာ့စီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာအောင် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်နေသော စက်မှုကုန်ထုတ်လုပ်ငန်းများစွာ ထိခိုက်နစ်နာမှုဖြစ်ခဲ့ပါသည်။ အထူးသဖြင့် အထည်ချုပ်နှင့် ကျောပိုးအိတ်စက်ရုံကြီး ၁၆၀ ကျော်မှာ လုံးဝပိတ်လိုက်ရပြီး ကျန်လည်ပတ်နေသောစက်ရုံအမျိုးမျိုး ၁၀၀ကျော်မှ အလုပ်သမားများကိုလည်း လျှော့ချခဲ့ရသည့်အတွက် အလုပ်သမား ၅၀၀၀၀ ကျော် အလုပ်လက်မဲ့ ဖြစ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအပေါ် အမျိုးမျိုးစွပ်စွဲပြောဆိုလျက်ရှိသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား ကန့်ကွက်၍ ပြစ်တင်ရှုတ်ချလိုက်ပါသည်။

၆။ ယခုလိုရှားပါးလှသော Double Veto ဖြင့် ဗိုလ်ကျစိုးမိုးလိုသူတို့၏ တစ်ဖက်သတ်လုပ်ဆောင်ချက် ပျက်ပြယ်သွားရခြင်းအတွက် ကျွန်ုပ်တို့က မိတ်ဆွေနိုင်ငံများအားလုံးနှင့် အထူးသဖြင့် ဗီတိုကိုတရားမျှတစွာ အသုံးပြုခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုဖြစ်ပေါ်တိုးတက်မှုများအား လေးနက်စွာထောက်ခံပါကြောင်း ကြေညာပါသည်။

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း။

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၄ ရက်

❐ *ကျောဖုံးမှ*

တစ်နည်းအားဖြင့် နိုင်ငံရေးသဘောတရားများကို လေ့လာခြင်းဖြစ်သည်။ တောတွင်းလက်နက်ကိုင်အဖြစ် နှစ်ပေါင်း ၃၀ ကျော်နေခဲ့ပါသည်။ KNU မှ ကျွန်တော်နှင့်အဖွဲ့ အမိနိုင်ငံအတွင်း ပြန်လာပြီး ငြိမ်းချမ်းရေး ရယူခဲ့ပါသည်။ ကျွန်တော်တို့ပါတီအဖွဲ့အစည်းအပေါ် သစ္စာဖောက်တာမဟုတ်ပါ။ ၁၉၉၅ ခုနှစ်တွင် ကျင်းပခဲ့သော KNU ကရင်အမျိုးသားအစည်းအရုံးညီလာခံ(ကွန်ဂရက်)ဆုံးဖြတ်ချက်အတိုင်း ကျွန်တော်တို့ လုပ်ဆောင်ခြင်းသာဖြစ်သည်။ အစကတည်းက နယ်ချဲ့လက်သစ်၊ လက်ဟောင်းများကို ဆန့်ကျင်ကန့်ကွက်ခဲ့ပါသည်။

အခြေအမြစ် လုံးဝမရှိသည့် အကြောင်းပြချက်ဖြင့် အမေရိကန်နှင့် အပေါင်းပါတစ်စုက မြန်မာနိုင်ငံကို ကမ္ဘာ့ကုလသမဂ္ဂမှအရေးယူဖို့ လုံခြုံရေးကောင်စီကို တင်သွင်းတာ အလွန်မှပင် အရုပ်ဆိုး အကျည်းတန်လှပါသည်။ တိုင်းပြည်အတွက် မရှိမဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့ပါသည်။ အမျိုးသားညီလာခံသည် တိုင်းပြည်နှင့်လူမျိုးအတွက် သေရေး၊ ရှင်ရေးတမျှ အရေးကြီးပါသည်။ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြီးစီးပါက အခြေခံဥပဒေပေါ်ပေါက်လာမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာမည်။ မူဝါဒလမ်းစဉ်(၇)ရပ် မုချအောင်မြင်ရမည်ဟု ကျွန်တော်တို့ယုံကြည်ပါသည်။

ယခုကြေညာချက်ကိုလည်း မည်သူ၏တိုက်တွန်းချက်၊ စေခိုင်းချက်မျှ မပါဘဲ ကိုယ့်သဘောနှင့်ကိုယ် ရေးသားထုတ်ပြန်ခြင်းသာဖြစ်သည်။

ကန့်ကွက်မဲပေးကြသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တောင်အာဖရိက နိုင်ငံများကို ကျေးဇူးများစွာတင်ပါသည်။ ထို့အပြင် သတ္တိရှိစွာ အမှန်တရားအပေါ် ဗီတိုအာဏာအသုံးပြုပြီး ပယ်ချသော ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို ဂုဏ်ပြုချီးကျူးပါကြောင်း ကြေညာအပ်ပါသည်။

(ဖဒိုဦးအောင်ဆန်း)
အဖွဲ့ခေါင်းဆောင်။

လူသတ်၊ မီးရှို့ ပိုင်းထောင်နေသော အကြမ်းဖက်သောင်းကျန်းမှုအန္တ

ပြည်သူလူထု လွတ်ကင်းအောင် ကာကွယ်စောင့်ရှောက်လျက်

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်စေလိုလျှင် (၁) ညီညွတ်လက်တွဲပြီး အလုပ်လုပ်ကြရမည်။ (၂) ငြိမ်းချမ်းသော ပတ်ဝန်းကျင်ရှိနေရမည်။ (၃) နိုင်ငံသားအားလုံး ပြည်ပမှသွေးခွဲမှုများကို ပယ်လှန်ပြီး သံသယကင်းစွာ ကိုယ့်နိုင်ငံကောင်းစားအောင် အားထုတ်ကြရမည်။ (၄) နိုင်ငံတွင် လိုအပ်သော သယံဇာတ သဘာဝအရင်းအမြစ်ကောင်း၊ ရေကောင်း၊ မြေကောင်းများရှိနေရမည်။ (၅) ယင်းနိုင်ငံသားတို့သည် ကိုယ့်နိုင်ငံကောင်းကျိုး လွတ်လွတ်လပ်လပ် သယ်ပိုးအကောင်အထည်ဖော်နိုင်ရမည်။

ယနေ့ မြန်မာနိုင်ငံ ငြိမ်းချမ်းသာယာပြီး ဘက်ပေါင်းစုံ၌ မကြုံစဖူး ထူးထူးကဲကဲ ဖွံ့ဖြိုးတိုးတက်လာနေပေသည်။ ဤသည်မှာ အထက်ဖော်ပြပါ အချက်ငါးချက်နှင့် ပြည့်စုံသောကြောင့် ဖြစ်သည်။ နယ်စွန်နယ်ဖျားမကျန်၊ ကျေးလက်မကျန် ဘက်စုံ၌ ဖွံ့ဖြိုးမှု အပေါင်းလက္ခဏာများ ဝေစည်လာနေခြင်းမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားစုံ လက်တွဲညီညွတ်စွာ စုပေါင်းအလုပ်လုပ်ကြသောကြောင့် ဖြစ်သည်။

တစ်ချိန်က ပြည်ပသွေးခွဲခံရမှုကြောင့် တိုင်းရင်းသားအချို့ သံသယပွားများ၊ ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓာတ်ကြီးထွားခဲ့သဖြင့် ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းမှုကင်းဝေးခဲ့ရသည်။ ထိုစဉ်က သောင်းကျန်းသူတို့ မင်းမူနိုင်သည့် ဒေသများတွင် စာသင်ကျောင်းများ ဖွင့်ခွင့်မပြု၊ ဆေးရုံ၊ ဆေးခန်းများ ပိတ်ပင်ခံခဲ့ရသည်။ ကလေးများကို စာသင်ပေးနေသော ဆရာ၊ ဆရာမများလည်း သတ်ဖြတ်ခံခဲ့ကြရသည်။

ဤသည်မှာ နယ်ချဲ့ပယောဂဖြင့် သံသယပွားခဲ့မှု၏ ဆိုးကျိုးဖြစ်သည်။ ဗြိတိသျှနယ်ချဲ့သမားတို့ မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တွင် သုံးကြိမ်ကျူးကျော်ခဲ့ရာ စစ်ပွဲသုံးကြိမ် ဖြစ်ခဲ့ရသည်။ ထိုစစ်ပွဲတိုင်းမှာပင် တိုင်းရင်းသားမျိုးစုံတို့က နယ်ချဲ့ကို သက်စွန့်ဆံဖျား ခုခံတွန်းလှန်တိုက်ခိုက်ခဲ့သည်။ ထိုစဉ်က ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများ၏ နယ်ချဲ့ဆန့်ကျင်ရေး ခုခံတွန်းလှန်စစ်ပွဲများမှာ သမိုင်းပြောင်ခဲ့သည်။ နယ်ချဲ့တပ်များကပင် တိုင်းရင်းသားမျိုးချစ်တို့၏ ရဲစွမ်းသတ္တိကို တအံ့တဩ ချီးကျူးမှတ်တမ်းတင်ရေးသားခဲ့ကြရသည်။

နယ်ချဲ့တိုင်းတစ်ပါးသားများကို ခုခံတော်လှန်တိုက်ခိုက်သူ တိုင်းရင်းသားပြည်သူများကို မည်သည့် ပါတီ၊ အဖွဲ့အစည်းပုဂ္ဂိုလ်ကမျှ စည်းရုံးလှုံ့ဆော်တိုက်တွန်းခြင်းမပြုခဲ့ရ၊ မည်သို့မျှ ဆက်သွယ် အကြောင်းမကြားခဲ့ကြရ။ မိမိတို့ဒေသအတွင်း လက်နက်ကိုင်ပြီး ကျူးဝင်လာသော ဗြိတိသျှတပ်များသည် မိမိတို့လူမျိုးမဟုတ်၊ တိုင်းတစ်ပါးသား ကျူးကျော်သူများဖြစ်ကြောင်း သိကြရသည်နှင့် ရင်တွင်းဖြစ် မျိုးချစ်စိတ်၊ ပြည်ချစ်စိတ်၊ ဇာတိသွေး ဇာတိမာန်ဖြင့် ရရာလက်နက်စွဲကိုင်ကာ တွန်းလှန်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ ပြည်ပမှ ကျူးကျော်လာသည့် ရန်သူကို တိုင်းရင်းသားများ လက်တွဲပြီး တိုက်ခိုက်တွန်းလှန်သော အစဉ်အလာမှာ ရှေးမြန်မာ့သမိုင်းခေတ်စဉ်များမှာပင် အထင်အရှား ကမ္ပည်းတင်ခဲ့ကြရပြီးဖြစ်သည်။ ဤသို့ မည်သူမည်ဝါက၊ မည်သို့မည်ပုံဖြင့် စည်းရုံးလှုံ့ဆော်ခြင်းမပြုရဘဲ ကိုယ့်အသိနှင့်ကိုယ် နယ်ချဲ့ကို တွန်းလှန်ခဲ့သည့် မြန်မာတိုင်းရင်းသားတို့၏ ပင်ကိုစိတ်ဓာတ်ကား စံပြုလောက်ပေသည်။

ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာတိုင်းရင်းသားတို့၏ မျိုးချစ် ပြည်ချစ်စိတ်ဓာတ်၊ စည်းလုံးညီညွတ်သွေးစည်းမှု၊ ရဲစွမ်းသတ္တိစွမ်းပကားတို့ကို သိရှိခဲ့သည်။ ထို့ကြောင့်လည်း နယ်ချဲ့တို့ စရိုက်လက္ခဏာအတိုင်း တိုင်းရင်းသားများကို အစီအစဉ်တကျ သွေးခွဲလာခဲ့သည်။ တိုင်းရင်းသား လူမျိုးတစ်မျိုးနှင့် တစ်မျိုး၊ တိုင်းရင်းသားဒေသ တစ်ခုနှင့်တစ်ခု ထိတွေ့ဆက်ဆံ စည်းလုံးညီညွတ်မသွားနိုင်ရန် အုပ်ချုပ်ရေးပုံစံအမျိုးမျိုး၊ အုပ်ချုပ်ရေးဒေသအဖုံဖုံ ခွဲခြားကန့်သတ်ခဲ့သည်။ အထူးသဖြင့် ရှမ်းပြည်နယ်သို့ မြေပြန့်မှလူများ မလာရဟု ခြေချုပ်ဥပဒေဖြင့် တားဆီးထားခဲ့သည်။

သို့သော် တိုင်းရင်းသားစုံ မျိုးချစ်ပြည်ချစ်များသည် ကြားလေသွေးသော်လည်း မဝေးခဲ့။ မြန်မာ့လွတ်လပ်ရေး ပြန်လည်ရယူရန် ကြိုးပမ်းမှုများ၊ ဖက်ဆစ်များကို တော်လှန်တိုက်ထုတ်မှုများတွင် သွေးစည်းမှုခိုင်မာခဲ့သည်။ ရှမ်းတိုင်းရင်းသားမျိုးချစ်များသည် အခြားသော တိုင်းရင်းသားညီနောင်များကဲ့သို့ ဗြိတိသျှနယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးတစ်ရာကျော်ရှိရာ အားလုံး မရှိအတူရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက် အတူတကွနေခဲ့ကြသည်။ နိုင်ငံလွတ်လပ်ရေးကို ပြန်လည်ရယူသော အမျိုးသားရေးကြိုးပမ်းမှုများ၌ တိုင်းရင်းသားစုံ သွေးစည်းညီညွတ်စွာ လက်တွဲကြိုးပမ်းခဲ့သော သမိုင်းကြောင်းသည် လှပပေသည်၊ ခံ့ထည်ပေသည်။

နယ်ချဲ့လက်ဟောင်း၊ လက်သစ်များကမူ မြန်မာနိုင်ငံကို ဖြိုခွဲရန်၊ လွတ်လပ်ရေးပြန်လည်လက်လွတ်ဆုံးရှုံးစေရန်၊ ပြည်ထောင်စုကြီး အစိတ်စိတ်ပြိုကွဲစေရန် သွေးခွဲသပ်လျှိုပြီး အချင်းချင်းသံသယပွားအောင် လုပ်ဆောင်ခဲ့ကြသည်။ နယ်ချဲ့တို့ မည်မျှပင်ကြိုးစား ဖြိုခွဲသည်ဆိုပါစေ တိုင်းရင်းသားတို့က အပြန်အလှန် ချစ်ကြည်ရိုင်းပင်းမှု၊ အပြန်အလှန် နားလည်မှုရှိစွာဖြင့် လက်တွဲကာ ယင်းသွေးခွဲမှုအန္တရာယ်ကို ဖယ်ရှားခဲ့ကြသည်။ သွေးကစကားပြောလာကြပြီ၊ ဆွေမှန်း မျိုးမှန်းသိလာကြသည်ချည်းဖြစ်သည်။

ပင်လုံညီလာခံ၌ တိုင်းရင်းသားခေါင်းဆောင်တို့ အမြော်အမြင်ကြီးမားစွာဖြင့် နိုင်ငံလွတ်လပ်ရေး၊ နိုင်ငံအနာဂတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဆွေးနွေးနိုင်ခဲ့သည်။ နယ်ချဲ့တို့ ၁၈၈၅ ခုနှစ်တွင် ၎င်းတို့သိမ်းယူသွားသည့် မြန်မာနိုင်ငံ၏နယ်နိမိတ်အတိုင်း လွတ်လပ်ရေးပြန်မပေးလိုခဲ့ပေ။ တိုင်းရင်းသားတို့၏ဒေသများ(တောင်တန်းဒေသများ)ကို ခွဲခြားချန်ထားပြီး ၎င်းတို့၏ ကိုလိုနီထမ်းပိုးအောက်တွင် ဆက်ထားလိုခဲ့ကြသည်။ ပင်လုံညီလာခံ၊ ပင်လုံစိတ်ဓာတ်၊ ပင်လုံသွေးစည်းညီညွတ်မှု စွမ်းပကားဖြင့် ပေါ်ထွန်းလာသော ပင်လုံစာချုပ်ကြီးကြောင့် တောင်ပေါ်မြေပြန့် မခွဲမခြားတစ်သားတည်းလွတ်လပ်ရေးရယူပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ဖွဲ့စည်းနိုင်ခဲ့ကြသည်။

လွတ်လပ်လာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ချမ်းသာ ကြွယ်ဝ၊ တိုးတက်ဖွံ့ဖြိုးလာအောင် နိုင်ငံတော်ရှိ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတ အရင်းအမြစ်များ၊ စိုက်မြေကောင်းကောင်း၊ စိုက်ရေကောင်းကောင်းတို့ကို အသုံးချပြီး ကြိုးပမ်းရမည့်အချိန်တွင် နယ်ချဲ့တို့၏ သွေးခွဲမှုပယောဂနှင့် နိုင်ငံရေးဂိုဏ်းဂဏအစွဲတို့ကြောင့် အချင်းချင်းတိုက်ခိုက်နေခဲ့ကြသည်။ ဤရောင်စုံသောင်းကျန်းမှုကြီးကြောင့် နိုင်ငံဖွံ့ဖြိုး တိုးတက်မှုနှင့် အလှမ်းဝေးခဲ့ရသည်။

ထို့ကြောင့်လည်း နိုင်ငံတော်က အချင်းချင်း ပြန်လည်သင့်မြတ်အောင် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးမှုများ အကြိမ်ကြိမ်လုပ်ခဲ့သည်။ သောင်းကျန်းမှုပြေငြိမ်းရန်အတွက် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့ ကြိုးပမ်းခဲ့သမျှသည် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်မှု အပေါင်းလက္ခဏာများ ရရှိစေလို၍ဖြစ်သည်။ သို့မှလည်း တိုင်းရင်းသားစုံ လက်တွဲပြီး ပြန်လည်ရယူခဲ့သော လွတ်လပ်ရေး၏အရသာကို ပြည်သူတို့ ပြည့်ပြည့်ဝဝခံစားနိုင်မည်ဖြစ်သည်။

ယခင်က ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းမှုများ မအောင်မြင်ခဲ့သော်လည်း ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့ တပ်မတော်က ပြည်ထောင်စုကြီးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ကာ နိုင်ငံတာဝန်ယူလိုက်ရပြီးနောက်ပိုင်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၊ ကိုယ့်အားကိုယ်ကိုးပြီး ပြည်ထောင်စုတစ်ဝန်း နယ်စွန်နယ်ဖျားမကျန်၊ ကျေးလက်မကျန် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်လုပ်ဆောင်အောင်မြင်ခဲ့သည်။

၁၉၈၈ခုနှစ် မတိုင်မီက လူသွားလမ်းပင် ကောင်းကောင်းမရှိသော နယ်စပ်မှ သွေးချင်းတို့ဒေသများ၌ ကားလမ်းများ၊ တံတားများ၊ စိုက်ပျိုးရေးစခန်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ ဆည်တမံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဒေသဖွံ့ဖြိုးရေးစက်ရုံများ၊ ဆက်သွယ်ရေးစခန်းများ စဉ်ဆက်မပြတ် တည်ဆောက်ပေးခဲ့သည်။ အထူးဖွံ့ဖြိုးရေးဇုန်များ သတ်မှတ်ကာ နေ့မအား၊ ညမနား အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့သည်။ ဤသို့ဖြင့် ၁၉၈၉ ခုနှစ်မှစပြီး တောတွင်းလက်နက်ကိုင်အဖွဲ့များသည် နိုင်ငံတော်၏ စေတနာကို သဘောပေါက်လာကြသည်။ မိမိတို့ အချင်းချင်း တိုက်ခိုက်နေလျှင် ပြည်ထောင်စုကြီးသာ နာမည်၊ မိမိတို့ဒေသ၊ မိမိတို့ တိုင်းရင်းသားများသာ နစ်နာမည်ဟု တွေးမိလာကြသည်။ သံသယများ ကွာကျသွားခဲ့သည်။

မိမိတို့ဒေသအပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံး၊ တိုင်းရင်းသားဒေသအားလုံး ဖွံ့ဖြိုးမှုအရသာကို မကြုံစဖူး ခံစားနေကြရပြီကို တွေ့မြင်လာကြသည်။ မိမိတို့သာ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်လိုက်လျှင် မိမိတို့ တိုင်းရင်းသားများနှင့် ပြည်ထောင်စုတစ်ဝန်းမှ သွေးချင်းသားချင်းများ ဖွံ့ဖြိုးတိုးတက်မှုရလဒ် ပိုမိုရရှိခံစားရမည်ကို သိလာကြသဖြင့် တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြရာ ယနေ့ဆိုလျှင် အဖွဲ့ကြီး ၁၇ဖွဲ့၊ အဖွဲ့ငယ် ၁၈ဖွဲ့တို့ ငြိမ်းချမ်းရေးရင်ခွင်သို့ ရောက်ရှိနေခဲ့ကြပြီဖြစ်သည်။

ငြိမ်းချမ်းရေးရယူခဲ့သည့် တိုင်းရင်းသားအဖွဲ့များသည် ကျင်းပဆဲ အမျိုးသားညီလာခံသို့ တက်ရောက်ကာ အခြေခံဥပဒေပေါ်ထွန်းရေးအတွက် အခြေခံမှုများ၊ အသေးစိတ်အခြေခံရမည့်မှုများကို ချစ်ကြည်မှုအခြေခံ၊ ဝေဖန်သုံးသပ်ညှိနှိုင်းချမှတ်လျက်ရှိကြသည်။ မိမိတို့ဒေသ ဖွံ့ဖြိုးရေးကို အားသွန်ကြိုးပမ်းလုပ်ဆောင်ရင်း ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို အားဖြည့်နေကြသည်မှာ အားရဖွယ်ကောင်းလှသည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ ပြည်ထောင်စုကြီးဖွံ့ဖြိုးရေးတို့ကို ကြိုးပမ်းရင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကြီး ပေါ်ထွန်းလာအောင် ကြိုးပမ်းရင်း အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုး၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်နေကြသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းမှုတို့၏ ကောင်းမြတ်သော အကျိုးတရားဖြစ်ပေသည်။

လက်ကျန် တောတွင်းလက်နက်ကိုင်အဖွဲ့အချို့သည်ပင်လျှင် ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်နှင့် ဆွေးနွေးလျက်ရှိနေပေသည်။ ဤသို့သာ လက်ကျန် လက်နက်ကိုင်တောတွင်းအဖွဲ့များ ဥပဒေဘောင်(ဝါ) ငြိမ်းချမ်းရေးအလင်းရောင်

ငြိမ်းချမ်းရေးရယူခဲ့သည့် တိုင်းရင်းသားအဖွဲ့များသည် ကျင်းပဆဲ အမျိုးသား ညီလာခံသို့တက်ရောက်ကာ အခြေခံဥပဒေပေါ်ထွန်းရေးအတွက် အခြေခံမှုများ၊ အသေးစိတ်အခြေခံရမည့်မှုများကို ချစ်ကြည်မှုအခြေခံ၊ ဝေဖန်သုံးသပ်ညှိနှိုင်း ချမှတ်လျက်ရှိ။ မိမိတို့ ဒေသဖွံ့ဖြိုးရေးကို အားသွန်ကြိုးပမ်းလုပ်ဆောင်ရင်း ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို အားဖြည့်နေကြသည်မှာ အားရဖွယ်ကောင်း။ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးရေးတို့ကို ကြိုးပမ်းရင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကြီး ပေါ်ထွန်းလာအောင် ကြိုးပမ်းရင်း အေးချမ်းသာယာခေတ်မီဖွံ့ဖြိုး၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်နေကြသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းမှုတို့၏ ကောင်းမြတ်သော အကျိုးတရားဖြစ်။

...ျန်းမှုအန္တရာယ်စက်ကွင်းမှ ...ာက်လျက်ရှိသည်

မြန်မာပြည်ထောင်စုသားများကို အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်၊ ရွာမီးရှို့၊ လူအစုအပြုံလိုက် သတ်ဖြတ်နေသော သောင်းကျန်းသူများ၏ အန္တရာယ်စက်ကွင်းမှ ပြည်သူများ လွတ်ကင်းအောင်၊ လုံခြုံအောင် ကာကွယ်စောင့်ရှောက်ပေးနေမှုကို ဝင်ရောက်စွက်ဖက်ဟန့်တားနေသော အမေရိကန်တို့အား တစ်ခွန်းတော့ ပြောလိုက်ချင်။ ပြည်သူ့အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်မှုကို ဥပေက္ခာပြုပြီး အမေရိကန်မွေးထားသော သောင်းကျန်းသူတို့အား သတ်ဖြတ်ခွင့်၊ မီးရှို့ခွင့်၊ ဘိန်းကုန်ကူးခွင့်၊ ဆက်ကြေးတောင်းခွင့်များ ပေးလိုက်ရမည်လော၊ မပေးနိုင်ပါ။

စောထူးဝါး

(ဝါ) ပြည်သူ့ရင်ခွင်သို့ ပြန်ရောက်လာကြလျှင် ပြည်ထောင်စုကြီးတစ်ခုလုံး နေ့ချင်းညချင်း ရွှေရောင် တဝင်းဝင်း ဖြစ်လာမည်မှာ ဧကန်မုချဖြစ်ပေသည်။

ဤသို့ မြန်မာနိုင်ငံ ငြိမ်းချမ်း တိုးတက်လာမည်ကို မရှုဆိတ်သော အမေရိကန်က အချို့သော လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်မလာစေရန် နောက်ပြန်ဆွဲနေသည်ကို ယခုကုလသမဂ္ဂ လုံခြုံရေးကောင်စီက Double Veto ဗီတိုနှစ်ထပ်ကွမ်းဖြင့် ပယ်ချလိုက်သည့် အမေရိကန်၏အဆိုတွင် **"မြန်မာအစိုးရကို လူနည်းစုတိုင်းရင်းသားများ၏ ဒေသများတွင် စစ်ဆင်တိုက်ခိုက်မှုများ ရပ်စဲရန်၊ တိုင်းရင်းသားလူနည်းစု အပေါ် စစ်သားများက အဓမ္မပြုကျင့်ခြင်းနှင့် အခြားလိင်မှုဆိုင်ရာ ကျူးလွန်ခြင်းများကို ရပ်စဲရန်တောင်းဆိုပါသည်"** ဟူ၍ ဖော်ပြထားကြောင်း တွေ့ရသည်။

မြန်မာပြည်ထောင်စုသားများကို အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်၊ ရွာမီးရှို့၊ လူအစုအပြုံလိုက် သတ်ဖြတ်နေသော သောင်းကျန်းသူများ၏ အန္တရာယ် စက်ကွင်းမှ ပြည်သူများလွတ်ကင်းအောင်၊ လုံခြုံအောင် ကာကွယ်စောင့်ရှောက်ပေးနေမှုကို ဝင်ရောက်စွက်ဖက်ဟန့်တားနေသော အမေရိကန်တို့အား တစ်ခွန်းတော့ ပြောလိုက်ချင်ပါသည်။ ပြည်သူ့အသက် အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်မှုကို ဥပေက္ခာပြုပြီး အမေရိကန်မွေးထားသော သောင်းကျန်းသူတို့အား သတ်ဖြတ်ခွင့်၊ မီးရှို့ခွင့်၊ ဘိန်းကုန်ကူးခွင့်၊ ဆက်ကြေးတောင်းခွင့်များ ပေးလိုက်ရမည်လော၊ မပေးနိုင်ပါခင်ဗျား။ မြန်မာနိုင်ငံမှာ ပြည်သူ့အသက် အန္တရာယ်နှင့် အချုပ်အခြာအာဏာ ဆုံးရှုံးမှုအန္တရာယ် မကျရောက်အောင် ကာကွယ်သော တရားမျှတ မှန်ကန်သည့် လုံခြုံရေးဆောင်ရွက်မှုများသာ ရှိပါသည်။ မိမိနိုင်ငံအတွက် ရေနံလိုချင်၍ အကြောင်းမဲ့သူတစ်ပါးနိုင်ငံကို ကျူးကျော်ဖုံးကြဲ၊ ဒုံးကြဲတိုက်ခိုက်သတ်ဖြတ်သော စစ်ပွဲမျိုး မြန်မာတို့မလုပ်ပါ။

မြန်မာစစ်သားများက နယ်စပ်ဒေသမှတိုင်းရင်းသူများကို အဓမ္မပြုကျင့်သည်ဆိုသော စွပ်စွဲမှုမှာ ဘိန်းဘုရင်ပြသောင်းကျန်းသူ(SSA-s) ရှုက်ဆစ် အဖွဲ့၏ မမှန်မကန် လုပ်ကြံစွပ်စွဲမှုသာဖြစ်ကြောင်း အကြိမ်ကြိမ် ရှင်းပြပြီး ဖြစ်သည်။ ဘိန်းဘုရင်ပြတို့၏ ကလိမ်ကကျစ် ပုတ်ခတ်စွပ်စွဲချက်ကို အမေရိကန် အစိုးရက တံဆိပ်တုံးခပ်နှိပ်ပေးနေခြင်းသာဖြစ်သည်။ ရှုက်ဆစ်တို့ ဘိန်း သောင်းကျန်းသူများ မြန်မာနယ်စပ် တောတောင်လျှိုမြောင်ကြား အလစ် ဝင်၍ ဘိန်းဖြူထုတ်လုပ်၊ စိတ်ကြွဆေးပြားထုတ်လုပ်ပြီး ကမ္ဘာ့တစ်ခွင် ဖြန့်ဖြူးနေမှုမလုပ်နိုင်အောင် မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တိုင်းရင်းသား ပြည်သူ့စစ်များက နယ်စပ်တစ်လျှောက် တင်းကျပ်စောင့်ရှောက် ထားသဖြင့် ရှုက်ဆစ်တို့ ဘိန်းချက်ကိရိယာ တစ်ထမ်းတစ်ပိုးဖြင့် မဝင်သာ ဖြစ်နေရသည်။ ထို့ကြောင့် နယ်စပ်တွင် တပ်မတော်မရှိအောင် ယင်းစွပ်စွဲ ချက်ကို တီထွင်ဖန်တီးလိုက်ခြင်းသာ ဖြစ်သည်။ မည်သည့်နိုင်ငံ၊ မည်သည့် လူမျိုး စစ်သားများကသာ လူမဆန်စွာ နှိပ်စက်ညှဉ်းပန်းကြောင်း၊ အသားလွတ် သတ်ဖြတ်ကြောင်း၊ မုဒိမ်းကျင့်ကြောင်း သိလိုလျှင် ဂျပန်နိုင်ငံ အိုကီနာဝါ ကျွန်းသားများ၊ တောင်ကိုရီးယားနိုင်ငံသားများ၊ ဖိလစ်ပိုင်နိုင်ငံသားများ၊ အီရတ်မှ အဘူဂါရိတ်အကျဉ်းသားများ၊ ဂွာတာနာမိုအကျဉ်းစခန်းမှ အကျဉ်း သားများ၊ ဗီယက်နမ်မှ မိုင်လေရွာသူ၊ ရွာသားများကို မေးကြည့်လျှင် ကွင်းကွင်းကွက်ကွက်၊ ရှင်းရှင်းပြတ်ပြတ် သိနိုင်ကြပါမည်။

"လူနည်းစုတိုင်းရင်းသားဒေသများတွင် စစ်ဆင်တိုက်ခိုက်မှုများ ရပ်စဲပေးရန်" ဆိုသော အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်ကို စောထူးဝါး သိထားသမျှ တင်ပြချေပလိုပါသည်။ ၂၀၀၆ခုနှစ် မေလ၁၅ရက် နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများအား တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်း လေ့လာရေးခရီးစဉ်တွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိရေး ဆောင်ရွက်မှုအခြေအနေ၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု အနေအထား၊ သောင်းကျန်းသူအချင်းချင်း အာဏာလု သတ်ဖြတ်ညှဉ်းဆဲမှုကြောင့် လွတ်မြောက်ရာသို့ ထွက်ပြေးနေရမှုများနှင့် သောင်းကျန်းသူ KNU တို့၏ လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီး မှုကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူအချို့ အတိဒုက္ခရောက်နေရပုံများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားရာတွင်–

"တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း အစွန်အဖျားနေရာ အချို့မှာ ဝင်ရောက်လှုပ်ရှားနေတဲ့ KNU တပ်မဟာ(၂)ရဲ့ လက်ရှိတပ် မဟာမှူးဟာ KNU ဒုတိယဥက္ကဋ္ဌလုပ်နေတဲ့ တာမလာဘောရဲ့သား အားစီ ဆိုသူပဲ ဖြစ်ပါတယ်။ ယခင် တပ်မဟာ(၂) တပ်မဟာမှူးကတော့ ဘောနီဖြစ်ပြီး ၁၉၉၂ခုနှစ် ဖေဖော်ဝါရီလမှာ ငှက်ဖျားရောဂါနှင့် သေဆုံးသွားခဲ့ပါတယ်။ ဘောနီသေဆုံးပြီးနောက် တပ်မဟာ(၂) လက်အောက်ငယ်သားများက ဘောနီရဲ့သားအကြီး KNU တပ်မဟာ(၂)၊ ရင်း(၆) ရင်းမှူး စတီးဘားကို တပ်မဟာ(၂)မှူး ဖြစ်စေလိုကြပါတယ်။ ထို့အတူ ၎င်းနယ်မြေအတွင်း နေထိုင်ကြသော ဂေဘား၊ ဘွဲ့ကရင် တိုင်းရင်းသားများကလည်း ဒေသခံဘောနီရဲ့ သား စတီးဘားကို တပ်မဟာ(၂)မှူး ဖြစ်စေချင်ကြပါတယ်။"

"သို့သော်လည်း KNU ဗဟို ဒုတိယဥက္ကဋ္ဌ တာမလာဘောက ၎င်းရဲ့အာဏာ ပိုမိုခိုင်မာရေး၊ အာဏာကျယ်ပြန့်ရေးအတွက် တပ်မဟာ(၂)မှူး အဖြစ် ၎င်းရဲ့သား အားစီကို ခန့်ထားခဲ့ပါတယ်။ ဒါကြောင့် တပ်မဟာ(၂) လက်အောက်ငယ်သားများက သဘောမကျခဲ့ပါဘူး။ ဒါ့အပြင် အားစီဟာ လူမျိုးခွဲခြားကာ ပကူးတိုင်းရင်းသားတွေကို ပိုမိုဦးစားပေးတဲ့အတွက် ဒေသခံဂေဘား၊ ဘွဲ့ကရင်တိုင်းရင်းသားများကလည်း သဘောမကျပါဘူး။ အဲဒီအချိန်ကစပြီး KNU တပ်မဟာ(၂)အတွင်းမှာ အုပ်စုဖွဲ့မှုတွေ၊ အာဏာလု အနိုင်ကျင့်မှုတွေ၊ အပြစ်ရှာ ညှဉ်းဆဲသတ်ဖြတ်မှုတွေ ဖြစ်ပွားခဲ့ပါတယ်။"

ထို့နောက် ပြန်ကြားရေးဝန်ကြီးက KNU တပ်မဟာ(၂)အတွင်း အားစီက အချင်းချင်းလိုက်လံသတ်ဖြတ်မှုများ၊ KNU ဗဟိုသို့ တိုင်တန်းကြပုံ၊ KNU ဗဟိုက တာမလာဘောမျက်နှာကြောင့် အားစီအား အရေးမယူသာဘဲ ဖြစ်နေပုံ များကို ဆက်ပြီး ရှင်းပြခဲ့သည်။ အားစီသည် ငြိမ်းချမ်းရေး မလိုလား၊ စစ်လိုလားသူဖြစ်၍ ပဲခူးနှင့်တောင်ငူအကြား မြို့ရွာများတွင် မိုင်းထောင်၊ ဗုံးခွဲ၊ ရထားလမ်းဖောက်ခွဲရန် မိုင်းထောင် အဖျက်လုပ်ရပ်များ လုပ်နေပုံ၊ ကျေးရွာများစွာမှ ရွာသူ၊ ရွာသားများ အားစီ၏ရန်ကြောင့် လွတ်ရာကျွတ်ရာ ထွက်ပြေးကြရပုံကို ရှင်းပြပြီး တပ်မတော်က အဘယ့်ကြောင့် အားစီကဲ့သို့သော သောင်းကျန်းသူ အကြမ်းဖက်သမားများကို တိုက်ခိုက်ရကြောင်း ဤသို့ ရှင်းပြခဲ့သည်။

"နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံအောင် ကာကွယ်ပေးဖို့၊ ဆောင်ရွက်ပေးဖို့ တာဝန်ရှိပါတယ်။ ဒါ့ကြောင့် လည်း နိုင်ငံတော်အစိုးရဟာ KNU အားစီအဖွဲ့က အခုလို အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်မှုတွေ မလုပ်နိုင်အောင် ပြည်သူတွေ အန္တရာယ်ကင်းအောင်၊ ဆက်စပ်နယ်မြေတွေမှာ၊ ခိုအောင်းနေနိုင်တဲ့ နေရာတွေမှာ လုံခြုံမှုတွေ၊ ရှင်းလင်းမှုတွေ ဆောင်ရွက်ရပါတယ်။"

"အဲဒီအခါမှာ အချိန်ကိုက်လှုပ်ရှားတဲ့အနေနဲ့ အားစီဟာ ၎င်းရဲ့ ဇနီးနဲ့ သားသမီးများ၊ အမာခံများကို နယ်စပ်ဒေသသို့ ပြောင်းရွှေ့ပို့ဆောင်ထားပါတယ်။ အလားတူ ဒေသအတွင်းရှိ ကရင်တိုင်းရင်းသားများကိုလည်း တပ်မတော်ထံ သတင်းမပေးနိုင်အောင်၊ အဆက်အသွယ် မပြုနိုင်အောင် ဖြတ်တောက်တဲ့ အနေနဲ့ နယ်စပ်ဒေသများသို့ အတင်းအဓမ္မ ရွှေ့ပြောင်းစေခဲ့ပါတယ်။ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်အဖွဲ့တွေ အတိုင်အဖောက်လုပ်ပြီးအော်နေတဲ့ တပ်မတော် ရဲ့ တိုက်ခိုက်မှုကြောင့် ထွက်ပြေးလာကြရတဲ့ ဒုက္ခသည်များဆိုတာဟာ အမှန်တကယ်တော့ သူတို့အစီအစဉ်ရှိရှိနဲ့ ရွှေ့ပြောင်းထားတဲ့ သူတို့ရဲ့ ဇနီး၊ သားသမီး၊ ဆွေမျိုးအမာခံများသာ ဖြစ်ပါတယ်။ တပ်မတော်နဲ့ အဆက်ဖြတ် နိုင်အောင် သူတို့ အတင်းအဓမ္မ ရွှေ့ပြောင်းစေခဲ့တဲ့ ကရင်ရွာသူ၊ ရွာသား ကတော့ အနည်းငယ်လောက်သာဖြစ်ပါတယ်။"

"KNU တပ်မဟာ(၂)မှူး အားစီက စည်းဖောက်ပြီး ပြည်သူလူထုရဲ့ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှုကို အမျိုးမျိုး အကြိမ်ကြိမ် တိုးမြှင့် ထိပါး နှောင့်ယှက်လာလို့သာ နိုင်ငံတော်က ပြည်သူလူထုရဲ့ အသက်အိုးအိမ်လုံခြုံမှု ရအောင် ရှင်းလင်းမှုတွေလုပ်ရတာ ဖြစ်ပါတယ်။"

"တကယ်တော့ အခုလိုဖြစ်ပေါ်လာတာတွေဟာ ပြည်ပဆရာကြီးတွေနဲ့ အကြမ်းဖက် သောင်းကျန်းသူတွေက မြေအောက်တိုက်ကွက်နဲ့ ပြည်တွင်း၊ ပြည်ပ မြေပေါ်တိုက်ကွက်တွေကို ကြိုတင်စီမံ ဆက်စပ်ဆင်နွှဲလာတာပဲ ဖြစ်ပါတယ်။ အားစီဟာ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် ကြိုးပမ်းနေမှုကို ခုတုံးလုပ်ပြီး အတွင်းပိုင်း ဒေသကို ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့တွေ စေလွှတ်လာပါတယ်။ ဒီလို ရထားလမ်း၊ ကားလမ်းနဲ့ မြို့ကြီးပြကြီးတွေမှာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုတွေ ထပ်ခါတလဲလဲလုပ်လာရင် တပ်မတော်က လုံခြုံရေးနဲ့နယ်မြေစိုးမိုးရေးတွေ မလွဲမသွေလုပ်လာရလိမ့်မယ်။ အဲဒီအခါမှာ ၎င်းတို့ ကြိုတင်ဇာတ်တိုက် စီစဉ်ထားတဲ့အတိုင်း တပ်မတော်က တိုက်ခိုက်လို့ ကျေးရွာတွေ ရွှေ့ပြောင်းရတယ်လို့ ကမ္ဘာက အထင်မြင်လွဲမှားအောင် ဝိုင်းပြီး လှုံ့ဆော်ကြမယ်၊ ၎င်းတို့ လုပ်ကြံဖန်တီးထားတဲ့ ဒုက္ခသည်ပြဿနာဆိုတာကို မီးမောင်းထိုး ဇန်းပြပြီး ဒေသလုံခြုံရေးပျက်ပြားစေတယ်လို့ ထပ်ဆင့်စွပ်စွဲမယ်၊ နိုင်ငံတကာက သို့လော သို့လော တွေးတောလာတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအထိတင်ဖို့ အစီအမံရှိရှိ၊ ရည်ရွယ်ချက်ရှိရှိနဲ့ တစ်ကျိတ်တည်းတစ်ဉာဏ်တည်း ပူးပေါင်းလုပ်ဆောင်နေကြတာပဲ ဖြစ်တယ်။"

ဤသို့ အမေရိကန်က KNU အချို့ကို ခွဲစည်းရုံး အသုံးချပြီး၊ ပြဿနာ ဖန်တီးစေပြီးမှ မြန်မာနိုင်ငံတွင် တိုင်းရင်းသားများ ဒုက္ခ ရောက်နေလေဟန် ကုလသမဂ္ဂသို့ တင်ပြလာခြင်းဖြစ်သည်။ အမှန်စင်စစ်၊ အမေရိကန်နှင့် ပြည်ပြေး၊ သောင်းကျန်းလက်ကျန် လက်တစ်ဆုပ်စာ၏ ဒုက္ခပေးမှုကို မြန်မာနိုင်ငံမှ တိုင်းရင်းသားများ အလူးအလဲခံနေရခြင်းသာ ဖြစ်သည်။ ထိုဒုက္ခပေးမှုများ ရပ်တန့်သွားအောင်သာ နိုင်ငံတော်အစိုးရနှင့် တပ်မတော်က အစဉ်အလာအတိုင်း ကာကွယ်ပေးနေရခြင်း ဖြစ်ပေသည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း နယ်မြေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေပုံများ၊ DKBA အဖွဲ့၊ ဖဒို ဦးအောင်ဆန်း ဦးစီးသောအဖွဲ့နှင့် ဦးစောသမူဟဲ ဦးစီးသောအဖွဲ့တို့ KNU မှ ခွဲထွက်ခဲ့ရသော အကြောင်းရင်းများ၊ နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး နယ်မြေအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်နေပုံများအား လှည့်လည်ကြည့်ရှုသည့် ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၏ လေ့လာရေးခရီးစဉ် အကြောင်းကိုလည်း ၁၂-၆-၂၀၀၅ရက်နေ့ထုတ် သတင်းစာများတွင် စောထူးဝါး ဖတ်လိုက်ရသည်။ ယင်းသတင်းပါ အခြေအနေ၊ အကြောင်းအရာများမှာ စောထူးဝါးတို့အပါအဝင် ဒေသခံတိုင်းရင်းသားများကိုယ်တိုင် ရရှိခံစားနေရသော မွန်ပြည်နယ်တစ်ခုလုံး နှင့် ကရင်ပြည်နယ် ဒေသအများစု တည်ငြိမ်အေးချမ်းနေပုံ၊ ပြည်နယ်သူ၊ ပြည်နယ်သားများ ပူပင်ကြောင့်ကြမှုကင်းမဲ့စွာ နေထိုင်သွားလာ လုပ်ကိုင်နေပုံ၊ ဒေသတွင်း မည်သည့် ခေတ်ကာလနှင့်မျှ မတူအောင် ဖွံ့ဖြိုးသာယာ ဝေစည် လာပုံများ ဖြစ်ပေသည်။

မြိုင်ကြီးငူအထူးဒေသ တိုင်းရင်းသားခေါင်းဆောင် ဦးသာထူးကျော်က DKBA အဖွဲ့ KNU မှ ခွဲထွက်လာရခြင်းမှာ KNU ၏ မမှန်ကန်သော ခေါင်းဆောင်မှုကြောင့်ဖြစ်ပြီး ယနေ့ မြိုင်ကြီးငူဒေသကို ကြည့်လျှင် ငြိမ်းချမ်းရေးအသီးအပွင့်များ မြင်တွေ့ရမည်ဖြစ်ပါသည်ဟု သတင်းစာဆရာများကို ရှင်းပြခဲ့သည်။ ဖဒို ဦးအောင်ဆန်းကလည်း KNU ဗဟိုဌာနချုပ်ကို နိုင်ငံခြားမှ နိုင်ငံရေးသမားအမည်ခံများ၊ အဖွဲ့အစည်းများ လာရောက်ခြေရှုပ်ခဲ့ပုံ၊ နိုင်ငံခြားအားကိုးနေရသော KNU ဗဟိုတွင် ဆက်မနေလို၍ ထွက်လာခဲ့ပုံ၊ ယခုအခါ မိမိတို့ဒေသ အထူးဖွံ့ဖြိုး တိုးတက်လာပုံ၊ မိမိတို့ အမျိုးသားညီလာခံကြီး အောင်မြင်အောင် အများနှင့်ထပ်တူ ကိုယ်ရောစိတ်ပါ ပူးပေါင်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားပုံများကို ရှင်းပြခဲ့သည်။

ဟောင်သရောဒေသ ငြိမ်းချမ်းရေးအဖွဲ့မှ ဒေသခံ တိုင်းရင်းသား ခေါင်းဆောင် ဦးစောသမူဟဲက KNU မှ ၎င်းတို့အဖွဲ့ ခွဲထွက်လာရသော အကြောင်းရင်းများကို ရှင်းပြကာ KNU အဖွဲ့အစည်းသည် ဒုက္ခသည်စခန်း အမည်ခံစခန်းများသာ မရှိလျှင် အခြေအနေ သိပ်ကောင်းတော့မည်မဟုတ်။ KNU ဗဟိုမှ လူကြီးများ ထိုဒုက္ခသည်စခန်းများမှ အကျိုးအမြတ်ယူကာ ၎င်းတို့၏ သားသမီးများကို နိုင်ငံခြားပို့ပြီး ကျောင်းထားနေကြကြောင်း၊ ပြည်တွင်းပြည်ပ သောင်းကျန်းသူအဖွဲ့များနှင့် ပူးပေါင်းပြီး မြို့ကြီးများ၌ ဖောက်ခွဲရေးလုပ်ဆောင်နေကြောင်း၊ ယခု မိမိတို့ ကရင်ပြည်နယ်တွင် အထူး ဖွံ့ဖြိုးတိုးတက် အေးချမ်းသာယာနေကြောင်း ရှင်းပြခဲ့သည်။

ယင်းသို့ ကရင်ပြည်နယ်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ ရရှိနေပုံကို မျက်ကွယ်ပြုပြီး အမေရိကန်က ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် တိုင်းရင်းသားများအား ခုတုံးလုပ် အသုံးချပြီး မမှန်မကန် လုပ်ကြံလီဆယ် စွပ်စွဲပုတ်ခတ်တင်ပြသည်ကို သိရသဖြင့် ကျွန်တော် စောထူးဝါးနှင့်တကွ ကရင်တိုင်းရင်းသားများက မကျေမနပ် ဖြစ်နေကြသည်။ အမေရိကန်၏ ထိုမှုမမှန်သော မသမာသည့်လုပ်ရပ်ကို အခြားအခြားသော တိုင်းရင်းသားလူမျိုးစုံငြိမ်းချမ်းရေးအဖွဲ့များ၊ NGO အဖွဲ့များကလည်း သည်းမခံနိုင်ဖြစ်ကြပြီး ပြစ်တင်ရှုတ်ချသော ကြေညာချက်များထုတ်ပြန်နေပုံကို နေ့စဉ် သတင်းစာများ၌ စောထူးဝါး ဖတ်ရပါသည်။ စောထူးဝါးတို့ ပြည်ထောင်စု၏ ပကတိအခြေအနေမှန်၊ ဖြစ်ရပ်မှန်များကို နားလည်သိမြင်ပြီး အမေရိကန်၏ အကြံဆိုးကို ဗီတိုအာဏာသုံးကာ ပယ်ချပေးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကနိုင်ငံတို့အား ကျေးဇူးတင်လျက်ရှိနေကြပါသည်။ တိုင်းရင်းသားပြည်သူအားလုံးက အမေရိကန် နှင့် ဗြိတိန်တို့အားလည်း မြန်မာနိုင်ငံအပေါ် မဟုတ်မမှန်လုပ်ကြံစွပ်စွဲ ဖိအားပေးမှုများရပ်စဲရန် တောင်းဆိုလိုက်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

အမေရိကန်နှင့် ဗြိတိန်တို့၏ မြန်မာနိုင်ငံအပေါ် မမှန်မကန်လုပ်ကြံစွပ်စွဲမှုများနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်၊ ဖြစ်ရပ်မှန်များကို နှိုင်းယှဉ်လေ့လာခြင်း(၅)

စာဖတ်သူတစ်ဦး

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခဲ့ရာတွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မမှန်ကန်သော အကြောင်းပြစွပ်စွဲမှုများ ပြုလုပ်ခဲ့သော်လည်း ၎င်းတို့၏ အကြောင်းပြစွပ်စွဲမှုများသည် မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများသာ ဖြစ်ကြောင်းကို မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်၊ ဖြစ်ရပ်မှန်များနှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်လျှင်သိရှိနိုင်

အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့က မြန်မာနိုင်ငံအပေါ် လုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ပူးတွဲတင်သွင်းခဲ့တဲ့ ဆုံးဖြတ်ချက်(Resolution)မူကြမ်းထဲမှာ အကြောင်းပြစွပ်စွဲထားတာတွေဟာ ကြောင်းကျိုးခိုင်လုံမှု မရှိဘဲ လိုရာဆွဲပြီး တစ်ဖက်သတ်ပုံသွင်းကောက်ချက်ချထားတာတွေဖြစ်ကြောင်း လေ့လာဆန်းစစ်တင်ပြခဲ့ပါတယ်။

ယခု ဆက်လက်ပြီး ၎င်းတို့ရဲ့အကြောင်းပြစွပ်စွဲမှုတစ်ခုကို မြန်မာနိုင်ငံရဲ့ပကတိအခြေအနေမှန်များ၊ ဖြစ်ရပ်မှန်များ၊ ပူးပေါင်းအားထုတ် ကြိုးပမ်းလုပ်ဆောင်မှုများနဲ့ နှိုင်းယှဉ်လေ့လာနိုင်ဖို့ ဖော်ပြသွားမှာဖြစ်ပါတယ်။

အမေရိကန်နဲ့ ဗြိတိန်တို့က **"လူသားချင်းစာနာထောက်ထားမှုအတွက် အကူအညီပေးရန် ဆောင်ရွက်မှုများကို မြန်မာနိုင်ငံက ကန့်သတ်မှုများပြုလုပ်နေသဖြင့် မြန်မာနိုင်ငံအတွင်း အခက်အခဲ အကျပ်အတည်းများ ပိုမိုဖြစ်ပေါ်စေသည်။ ထို့ကြောင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများကို ကန့်သတ်ချက်မရှိဘဲ ဆောင်ရွက်ခွင့်ပြုရန်"**လို့ မမှန်မကန် အကြောင်းပြစွပ်စွဲပြီး တိုက်တွန်းတောင်းဆိုခဲ့တာဖြစ်ပါတယ်။

စဉ်	အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်မကန်လုပ်ကြံစွပ်စွဲမှု	မြန်မာနိုင်ငံ၏ပကတိအခြေအနေမှန်များနှင့် ဖြစ်ရပ်မှန်များ
၅။	လူသားချင်း စာနာထောက်ထားမှုအတွက် အကူအညီပေးရန် ဆောင်ရွက်မှုများကို မြန်မာနိုင်ငံက ကန့်သတ်မှုများ ပြုလုပ်နေသဖြင့် မြန်မာနိုင်ငံအတွင်း အခက်အခဲ အကျပ်အတည်းများ ပိုမို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့အစည်းများကို ကန့်သတ်ချက် မရှိဘဲ ဆောင်ရွက်ခွင့်ပြုရန်	**လူသားချင်းစာနာထောက်ထားမှု အကူအညီကိစ္စ** * မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂသို့ဝင်ရောက်ခဲ့ပြီး ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ * ၁၉၄၈ ခုနှစ် မေလ ၁၈ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)သို့ ဝင်ရောက်ခဲ့ပြီး ယနေ့ထက်တိုင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ * နိုင်ငံနှင့်ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း ၁၄ ဖွဲ့နှင့် စီမံချက် ၅၅ခုကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ * နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း(INGO) ၄၄ဖွဲ့နှင့် စီမံချက် ၅၆ ခုကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ * အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း(IO)ကိုးဖွဲ့နှင့် စီမံချက် ၁၅ ခု၊ အစိုးရမဟုတ်သောအဖွဲ့အစည်း(NGO)နှစ်ဖွဲ့နှင့် စီမံချက်နှစ်ခု ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်နေသော စီမံချက်စုစုပေါင်း ၁၂၈ ခုအထိ ရှိသည်။ * ILO က ၁၉၉၀ပြည့်နှစ်နောက်ပိုင်းမှစ၍ ပြည်တွင်းပြည်ပအဖျက်သမားများ၏ မြန်မာနိုင်ငံအတွင်း အဓမ္မစေခိုင်းမှုများ ရှိသည်ဟူသော တိုင်တန်းချက်ကို ရယူ ဆုပ်ကိုင်ပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးတောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။ * ILO သည် မြန်မာနိုင်ငံနှင့်စပ်လျဉ်းပြီး အလုပ်သမားရေးရာနှင့် မသက်ဆိုင်သော နိုင်ငံရေးကိစ္စများတွင်ပါ ဝင်ရောက်စွက်ဖက် ဖိအားပေးမှုများကိုလည်း ပြုလုပ်ခဲ့သည်။ * မြန်မာနိုင်ငံတွင် AIDS၊ တီဘီနှင့် ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန်ဟုဆိုကာ Global Fund က ငါးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၉၈ဒသမ၄သန်း ထောက်ပံ့ကူညီမည်ဟု ကမ်းလှမ်းလာရောက်ခဲ့သည်။ * မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူရန် တောင်းဆိုခဲ့ကြသော ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့အစည်းများက မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးနေသည်ကိုလည်း မလိုလားကြပေ။ * NLD ဒေါ်စုကြည်သည် ၁၉၉၅ ခုနှစ်ကတည်းကပင် အနောက်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအား မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ရန်၊ အကူအညီ အထောက်အပံ့များ မပေးရန်၊ ဆက်သွယ်ဆက်ဆံမှု မပြုလုပ်ရန် တိုက်တွန်းတောင်းဆိုခဲ့သည်။ * ဂျပန်နိုင်ငံက မြန်မာနိုင်ငံတွင် OAD အစီအစဉ်ဖြင့် စာသင်ကျောင်းပေါင်း ၄၅၀တည်ဆောက်လှူဒါန်းမည့် အစီအစဉ်ကိုလည်း ဒေါ်စုကြည်က ပြစ်တင်ကန့်ကွက်ခဲ့သဖြင့် အစီအစဉ်များ ပျက်ပြားခဲ့ရသည်။ * NLD ဒေါ်စုကြည်သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN)အနေဖြင့် မြန်မာနိုင်ငံအား အဖွဲ့အတွင်း ဝင်ရောက်ခွင့်မပြုရန်အထိ တိုက်တွန်းတောင်းဆိုခဲ့သည်။ * ထိုနည်းတူ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ၂၀၀၅ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့တွင် Global Fund ရန်ပုံငွေ အစီအစဉ်ကို ကြောင်းကျိုးဆီလျော်မှုမရှိသည့် တစ်ဖက်သတ်အကြောင်းပြချက်များဖြင့် ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။ * မြန်မာနိုင်ငံက နိုင်ငံတကာလူသားချင်းဆိုင်ရာ ကူညီထောက်ပံ့မှုပေးသည့် လုပ်ငန်းများအပေါ် ပိတ်ပင်ကန့်သတ်ချက်များ ပြုလုပ်နေသည်ဟူ၍ ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် နယ်ချဲ့လက်ဝေခံမီဒီယာများက ဝိုင်းပြီးသွေးထိုးလှုံ့ဆော် ထုတ်လွှင့်ခဲ့ကြသည်။ * ၂၀၀၅ခုနှစ် စက်တင်ဘာလ ၁၁ရက်နေ့၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် မြန်မာနိုင်ငံ၏အရေးကိစ္စအား ထည့်သွင်းဆွေးနွေးရန် တောင်းဆိုခဲ့သော အမေရိကန်သံအမတ်ဂျွန်ဘိုလ်တန်၏ အကြောင်းပြစွပ်စွဲမှုများထဲတွင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို မြန်မာနိုင်ငံက ဟန့်တားနှောင့်ယှက်နေသည်ဟူ၍ လုပ်ကြံဖန်တီးစွပ်စွဲလာခဲ့သည်။ * Global Fund ရုပ်သိမ်းသွားပြီးနောက် မြန်မာနိုင်ငံ၏ အခြေအနေမှန်ဖြစ်ရပ်မှန်များကို အသိအမှတ်ပြုနားလည် သဘောပေါက်ပြီး ကူညီလိုသည့် ခြောက်နိုင်ငံမှ အလှူရှင်များက Three Disease Funds ထူထောင်၍ ငါးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ ၉၉သန်းခွဲ အကူအညီပေးမည့်အစီအစဉ်ကို မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ * ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုမှ ကိုယ်စားလှယ်တစ်ဦးသည် ၂၀၀၅ခုနှစ် ဒီဇင်ဘာလအတွင်း တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်မထွက်ခွာမီ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ * ထိုသို့တွေ့ဆုံစဉ် ၎င်းက နယ်စပ်ဒေသတစ်နေရာ၌ INGO များ လုပ်ငန်းစီမံကိန်းဆောင်ရွက်ကြရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ မသိရှိကြ၍ ညှိနှိုင်းတိုင်ပင်မှုများ မရှိသဖြင့် ဒေသခံလူထုအတွက် ထိရောက်သောအကျိုးသက်ရောက်မှု မရရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ * INGO အချင်းချင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ ညှိနှိုင်းဆောင်ရွက်သင့်ကြကြောင်း နိုင်ငံတော်က ပေါင်းစပ်ထိန်းချုပ်ပြီး စီစဉ်ပေးသင့်ကြောင်း အကြံပြုသွားခဲ့သည်။ * အဆိုပါ အကြံပြုချက်ကို နိုင်ငံတော်အကြီးအကဲများထံ တင်ပြခဲ့ရာ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များ မြန်မာနိုင်ငံသို့ လာရောက်ပူးပေါင်းဆောင်ရွက်သည့်အခါ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဦးစွာ ပေါင်းစပ်ညှိနှိုင်းရန် လမ်းညွှန်မှု ပြုခဲ့သည်။ * ထို့ကြောင့် အဆိုပါအဖွဲ့အစည်းများ၏ မြန်မာနိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ပြီး နိုင်ငံကိုအကျိုးပြုစေသည့်လုပ်ငန်းများ ပီပြင်စွာ ဆောင်ရွက်အောင်မြင်ရေးနှင့် စနစ်တကျရှိစေရေးအတွက် လုပ်ငန်းလမ်းညွှန်စာအုပ်ကို ပြုစုထုတ်ဝေခဲ့သည်။ * ယင်းလုပ်ငန်းလမ်းညွှန်သည် စီမံချက်လုပ်ငန်းများကို ဟန့်တားခြင်းမဟုတ်ဘဲ နှစ်ဦးနှစ်ဖက် အားနည်းချက်များနှင့် ဆိုးကျိုးများမဖြစ်ပွားစေဘဲ ပိုမိုထိရောက်အောင်မြင်စေရန် အစီအစဉ်တကျ ဖော်ပြထားခြင်းဖြစ်သည်။ * နယ်စပ်ဒေသအချို့တွင် သောင်းကျန်းသူ လက်ကျန်များနှင့် အကြမ်းဖက်အဖျက်သမားများရှိနေသေးသောကြောင့် လုံခြုံရေးစီစဉ်ပြီးမှ သွားရောက်ရသည့် ခရီးစဉ်များလည်း ရှိနေပေသည်။ * ကုလသမဂ္ဂအဖွဲ့အစည်းအချို့က စီမံချက်ဒေသများသို့သွားရောက်ရာတွင် ကန့်သတ်ချက်အချို့ရှိနေသည်ဟူ၍ ယူဆနေကြသည်။ ***စာမျက်နှာ ၁၁ ကော်လံ ၁ သို့***

မြန်မာနိုင်ငံ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) အုပ်ချုပ်မှုကော်မတီ၏ ကြေညာချက်

အမေရိကန်နှင့်ဗြိတိန်တို့၏ မြန်မာနိုင်ငံအရေးနှင့် ဒေသတွင်းပြဿနာများအား ထပ်တလဲလဲဝင်ရောက်စွက်ဖက်သော မသမာသည့်ကြံစည်ချက်များကို အထူးသတိပြု

ရန်ကုန် ဇန်နဝါရီ ၁၉

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) အုပ်ချုပ်ရေးကော်မတီက ဇန်နဝါရီ ၁၇ရက်တွင် သဘောထား ကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁)အုပ်ချုပ်ရေးကော်မတီ၏ ထုတ်ပြန်ကြေညာချက်

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၇ ရက်

၁။ ၂၀၀၇ခုနှစ် ဇန်နဝါရီလ၁၂ရက်နေ့တွင် အမေရိကန်နှင့် ဗြိတိန်တို့တင်သွင်းသည့် "မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်မူကြမ်း"အား ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် နှစ်နိုင်ငံမှ ကန့်ကွက်မဲ ထည့်သွင်းသဖြင့် ၎င်း"မူကြမ်း"ကို အတည်မပြုနိုင်ခဲ့ပါ။ ထို့အတွက် ကျွန်တော်တို့အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကသမ္မတနိုင်ငံ သုံးနိုင်ငံတို့၏ သမာသမတ်ကျသည့် ရပ်တည်မှုအား အထူးချီးကျူး ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

၂။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ နိုင်ငံ အရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဖြစ်ပါသည်။ မြန်မာနိုင်ငံအစိုးရ ချမှတ်ထားသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် မြန်မာနိုင်ငံ၏ လက်တွေ့ပကတိအခြေအနေနှင့် ကိုက်ညီပါသဖြင့် လက်တွေ့အကောင်အထည်ဖော်ရာတွင်လည်း တက်ကြွသော အကျိုးသက်ရောက်မှုများ ရရှိနေပြီဖြစ်ပါသည်။ ကျွန်တော်တို့သည် နိုင်ငံတော်အစိုးရမှ ချမှတ်အကောင်အထည်ဖော်နေသည့် ဒို့တာဝန်အရေးသုံးပါးအား အပြည့်အဝယုံကြည်ပါသည်။

၃။ အနောက်နိုင်ငံသားအများစုက ပြောဆိုခဲ့သလို **"မြန်မာနိုင်ငံအခြေအနေသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အား မည်သို့မျှခြိမ်းခြောက်နေခြင်းမရှိပါ"**။ ထို့ကြောင့် အမေရိကန်နှင့် ဗြိတိန် နှစ်နိုင်ငံတို့မှ ကုလသမဂ္ဂတွင် မြန်မာနိုင်ငံပြဿနာအား ထပ်မံတင်သွင်းလာခြင်းမှာ လုံးဝ ကျိုးကြောင်းဆီလျော်မှုမရှိပါ။

၄။ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် နိုင်ငံတကာရေးရာတွင် အပြန်အလှန်ချိတ်ဆက်၍ ဗိုလ်ကျစိုးမိုးရေးဝါဒကို ကျင့်သုံးပြီး **"လူ့အခွင့်အရေး"**နှင့် **"ဒီမိုကရေစီရေး"**တို့ကို ဗန်းပြကာ တခြားနိုင်ငံ၏ ပြည်တွင်းရေးကို ချေဖျက်၍ ရိုင်းစိုင်းစွာ ဝင်ရောက်စွက်ဖက်နေပါသည်။ ၎င်းတို့၏ မြန်မာနိုင်ငံပြည်သူများအပေါ် ရန်လိုမုန်းတီးမှုနှင့် ပိတ်ပင်တားဆီးမှုများကြောင့် မြန်မာပြည်သူများ၏ အကျိုးစီးပွားများကို ထိခိုက်နစ်နာစေသည့်အပြင် မြန်မာနိုင်ငံ၏ပြဿနာအား ပိုမိုရှုပ်ထွေးစေပါသည်။

၅။ ကျွန်တော်တို့အနေဖြင့် အမေရိကန်နှင့် ဗြိတိန်တို့၏ မြန်မာနိုင်ငံအရေးနှင့် ဒေသတွင်းပြဿနာများအား ထပ်တလဲလဲ ဝင်ရောက်စွက်ဖက်သော မသမာသည့် ကြံစည်ချက်များကို အထူးသတိပြုကြပါရန် နှိုးဆော်အပ်ပါသည်။

ဦးဖုန်ကြားရှင်
ဥက္ကဋ္ဌ
အထူးဒေသ(၁)ကိုးကန့်အုပ်ချုပ်ရေးကော်မတီ။

ရွှေရတုမဟာသဘင် ပဌာန်းရွတ်ဖတ်ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက်အနောက်ရှိ မဟာစေတီတိုက် ရန်ကုန်ကျောင်း၌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာဝံသ၏ (၆၉)နှစ်မြောက် မဟာဝိဇာတမင်္ဂလာနှင့် (၂၅)ကြိမ်မြောက် ငွေရတုသဘင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်မှ တပို့တွဲလပြည့်ကျော် ၃ ရက် (ဇန်နဝါရီ ၂၉ရက်မှ ဖေဖော်ဝါရီ၄ရက်အထိ) ခုနစ်ရက်တိုင်တိုင် ကျင်းပ၍ ဖေဖော်ဝါရီ ၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် မဟာပဋ္ဌာန်းအောင်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ရာ သဒ္ဓါကြည်လင် ကုသိုလ်ရှင်များ ကြွရောက်နိုင်ကြောင်း သိရသည်။

(၃၀၂)

ဝေဠုဝန်နိကာယဂိုဏ်း၏ (၂၃)ကြိမ်မြောက် ဝိနယပရိယတ္တိ စာမေးပွဲကို စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းဝင်းရှိ သာသနပဇ္ဇောတာရုံကျောင်းကြီးတွင် ဇန်နဝါရီ၁၄ရက်က ကျင်းပရာ အာဂုံပြန်နှင့် ရေးဖြေသံဃာတော်အပါး ၂၀၀ကျော်တို့ ဖြေဆိုတော်မူကြပြီး စာမေးပွဲသြဝါဒါစရိယဆရာတော်များ၊ ကြီးကြပ်ရေးနာယကဆရာတော်များ၊ စာထောက်စာမဆရာတော်များ ကြီးကြပ်ဆောင်ရွက်တော်မူကြစဉ်။ (၁၂၉)

မိတ်ကောင်းဆွေစစ်

* အရေးကြုံ၍
တွေ့ဆုံသတိမြဲ၊ ခက်အခဲကို
လက်တွဲခေါ်ယူ၊ ဖေးမသူမှ
အတူယှဉ်ပေါင်း၊ မိတ်ဆွေကောင်းတည့်...။

* 'သာ'လည်းအတူ၊ 'နာ'အတူနှင့်
တစ်မူမပြောင်း၊ စိတ်တစ်ကြောင်းဖြင့်
ပေါင်းဖော်မကွာ၊ တည်ကြည်ပါမှ
သစ္စာအနှစ်၊ မိတ်ဆွေစစ်တည့်...။

* သူတော်မဟုတ်၊ စိတ်နေပုပ်သည့်
သူယုတ်မာကြား၊ မဝင်စားဘဲ
မိုးခါးရေနောက်၊ ဘယ်မသောက်သူ
သူလိုလူမှ
ဇမ္ဗူတံခွန်၊ မိတ်ဆွေမှန်တည့်...။

* ကျားစေဦးလဲ
ဝံမဲ (မည်း) ကောက်ကျစ်၊ မြွေခွေးညစ်လည်း
ဆွေစစ်မရှား၊ မိတ်အများနှင့်
စိတ်ထားကြည်သာ၊ ဤကမ္ဘာတွင်
စာနာသူများရှိတကား...။ ။

မင်းယဉ်စု

အထက (၁) ဒဂုံ အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၁ရက် နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက မသီရိမာ ဖုန်း–၀၉–၅၀၁၂၄၁၊ မမို့မို့စိမ်း ဖုန်း–၀၉–၅၀၀၁၉၁၁၊ ကိုရဲမျိုးသွင် ဖုန်း–၀၉–၅၁၂၂၁၆၈၊ မကေခိုင်လင်း ဖုန်း–၀၉–၅၁၂၇၂၁၅ နှင့် ကိုအောင်သူထွန်း ဖုန်း–၀၉–၅၁၃၂၈၅၁ တို့ထံ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သာသာယာယာ

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာသာယာယာရှိမည်။

စာမျက်နှာ ၁၀ မှ

စဉ်	အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်မကန် လုပ်ကြံစွပ်စွဲမှု	မြန်မာနိုင်ငံ၏ပကတိအခြေအနေမှန်များနှင့် ဖြစ်ရပ်မှန်များ
၅။	လူသားချင်း စာနာထောက်ထားမှုအတွက် အကူအညီပေးရန် ဆောင်ရွက်မှုများကို မြန်မာနိုင်ငံက ကန့်သတ်မှုများ ပြုလုပ်နေသဖြင့် မြန်မာနိုင်ငံအတွင်း အခက်အခဲအကျပ်အတည်းများ ပိုမိုဖြစ်ပေါ်စေသည်။ ထို့ကြောင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများကို ကန့်သတ်ချက် မရှိဘဲ ဆောင်ရွက်ခွင့်ပြုရန်	* အချို့အဖွဲ့အစည်းများက အဆိုပြုထားသည့်ခရီးစဉ်များအတိုင်း သွားရောက်ကြသကဲ့သို့အချို့ကလည်း မူလအစီအစဉ်တွင် မပါဝင်သည့်ကိစ္စများကို ကြားဖောက်ပြုလုပ်ခဲ့ကြသည်။ * စီမံချက်ဆိုင်ရာလုပ်ငန်းများအတွက် ကုလသမဂ္ဂအဖွဲ့အစည်းမှပုဂ္ဂိုလ်များ သွားလာဆောင်ရွက်နေမှုအပေါ် မည်သည့်အခါကမျှ တားဆီးဟန့်တားခြင်းမရှိခဲ့ပေ။ * ခရီးသွားလာရာတွင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြီးသွားလာခြင်းက နှစ်ဖက်စလုံးအတွက် အကျိုးတရားပွားများလျက်ရှိသည်။ * UNDP နှင့် UNICEF တို့မှ လုပ်ငန်းစီမံချက်ဒေသများသို့ ၂၀၀၃ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း ခရီးအစီအစဉ်၅၅၀ကျော် သွားရောက်ခဲ့ရာတွင် ပူးပေါင်းညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့သည်။ * INGO အဖွဲ့အစည်း၂၈ခုတို့မှ စီမံချက်ဒေသများသို့ ၂၀၀၃ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း ခရီးအစီအစဉ်၅၀၀ကျော် သွားရောက်နိုင်ရေး ပူးပေါင်းညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ * အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ (IO) မှ သွားရောက်လိုသည့် ခရီးအစီအစဉ်၁၈၀ကျော်ကိုလည်း ပူးပေါင်းညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ * ၁၉၈၈ခုနှစ်နောက်ပိုင်း၌ မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊အာရှဖွံ့ဖြိုးရေး ဘဏ်စသည်တို့ထံမှ အကူအညီပေးမှု လုံးဝမရရှိဘဲ ပင်လယ်ရပ်ခြား ဖွံ့ဖြိုးရေးထောက်ပံ့မှုလည်း မရသလောက် နည်းပါးခဲ့သည်။ * သို့ရာတွင် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရေးအတွက်မိမိတို့၏ ပြည်တွင်းအား၊ ကိုယ်ပိုင်သယံဇာတစွမ်းအားများဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ * မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လာရောက်ကူညီဆောင်ရွက်မှုမှန်သမျှ၊ ဆောင်ရွက်သူမှန်သမျှကို နွေးထွေးစွာကြိုဆိုပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ * သို့ရာတွင် ကုလသမဂ္ဂကိုအသုံးချ၍လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အရေကိုခြုံ၍လည်းကောင်း၊ မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးသည့်ကိစ္စများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်သည့်လုပ်ရပ်များ လုပ်ဆောင်လာလျှင်မူ နိုင်ငံတော်နှင့်ပြည်သူတို့က လုံးဝလက်ခံနိုင်မည်မဟုတ်ပေ။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး စကားဝိုင်းဆွေးနွေးပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော စကားဝိုင်းဆွေးနွေးပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၃ ရက် နံနက် ၉ နာရီက မှော်ဘီမြို့နယ် ရိုးကြီးကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါက်တာဒေါ်လေးခိုင်နှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းတို့က ကျန်းမာရေး အသိပညာပေး ဟောပြောကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူထံသို့ ရိုးကြီးကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အဖွဲ့ဝင် အဆိုပြုလွှာ ၂၁၁ စောင်ကို ပေးအပ်ပြီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက အမျိုးသမီးရေးရာဝတ်စုံ ၂၀နှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါက်တာဒေါ်ခင်သက်မြိုင်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းတို့က မိခင်နှင့်ကလေး အသင်းဝတ်စုံ ၂၀ အား ပေးအပ်ရာ ရိုးကြီးကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက လက်ခံရယူသည်။

လှူဒါန်း

ဆက်လက်၍ ရိုးကြီးကျေးရွာအမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်သော "အလင်းရောင် စာကြည့်တိုက်"သို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ စာအုပ်စာနယ်ဇင်း အုပ်ရေ၃၀၀ ကို လှူဒါန်းသည်။

ထို့နောက် ရိုးကြီးကျေးရွာ အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် မတည်အလှူငွေ ကျပ်တစ်သိန်း၊ အပ်ချုပ်စက်တစ်လုံး၊ အိမ်သာခွက် ၁၁ ခွက်၊ မုန်ချိုဆေးမျိုးစုံ စုစုပေါင်းတန်ဖိုး ငွေကျပ်နှစ်သိန်းကျော်နှင့် အလှူရှင်များမှ စုစုပေါင်း အလှူငွေကျပ် ၃၃၀၀၀၀ ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

စကားဝိုင်းဆွေးနွေး

ယင်းနောက် ရိုးကြီးကျေးရွာရှိ သက်ကြီးဘိုးဘွား ၂၁ ဦးတို့အား ဆေးဝါးနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြပြီး စကားဝိုင်း ဆွေးနွေးပွဲကို ဆက်လက် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပျိုးရခြင်းအကျိုး

မဃဒေဝလင်္ကာ(၄၀၄-၅)

သစ်ပင်စိုက်ပျိုးကုသိုလ်ယူခြင်းသည် ဇရပ်၊ တန်ဆောင်း၊ ကျောင်းကန်၊ ရေတွင်း၊ သစ်ပင် စသော ထာဝရ ကုသိုလ်ခြောက်မျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သကဲ့သို့ သစ်ပင်စိုက်ပျိုးကုသိုလ်ပြုပါက အပါယ် ငရဲနှင့် လွဲဖယ်နိုင်ကြောင်းကို မဃဒေဝလင်္ကာ (၄၀၄-၅)တွင် အတိအလင်းဖော်ညွှန်း ပြဆိုထားပေသည်။

"တစ်ဖြာထိုမှ၊ မနုဿဟု၊ ဘဝအိမ်ထောင်၊ လူတို့ဘောင်တွင်၊ ညောင်ဗုဒ္ဓဟေ၊ စိုက်လေတမာ၊ တစ်ပင်သာနှင့်၊ စိုက်ရသသူ၊ ထိုသည့်လူကား၊ နောင်မူအမြဲ၊ ဘဝလွဲသော်၊ ငရဲမုချ၊ မကျနိုင်ရာ၊ မချွတ်စွာဟု၊ ကျမ်းလာအမှန်၊ ဟောပြညွှန်သည်၊ ပုရာဏ်ဇောတိ သံပိုင်းတည်း"

တိရစ္ဆာန်မှစ၍ ရဟန်းရှင်လူ၊ ခပ်သိမ်းသူတို့ အရိပ်ခိုရန်၊ စားသုံးရန် အလို့ငှာ သစ်ပင်စိုက်လှူဒါန်းသူတို့အတွက် အလွန်အားတက်စရာကောင်းလှပေသည်။ ထို့ကြောင့် သက်ရှိသတ္တဝါအားလုံးတို့ အရိပ်ခိုစားသုံးရန်အလို့ငှာ မိမိတို့စွမ်းအားရှိသလောက် သစ်ပင်များကို စိုက်ပျိုးသင့်ကြပေသည်။ သူတစ်ပါးတို့ စိုက်ပျိုးထားသော သစ်ပင်များကို မဖျက်ဆီးမိကြရလေအောင် အထူးသတိပြုကြရပေမည်။ သစ်ပင်စိုက်ပျိုးမှုဒါနဖြင့် ကုသိုလ်ယူကြရန် တိုက်တွန်းအပ်ပါသည်။ ။ **(သာသနာရေး)**

မစ္စတာ ကွေလီ အေ၊ ဆုဖာခက်အား လာအိုနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ကွေလီအေ၊ ဆုဖာခက်အား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီဖြစ်သည်။

မစ္စတာ ကွေလီ အေ၊ ဆုဖာခက်သည် ၁၉၄၈ ခုနှစ် ဇွန် ၅ ရက်တွင် မွေးဖွားခဲ့ပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဥပဒေနှင့် အုပ်ချုပ်ရေးဆိုင်ရာတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတွင် အလုပ်သမားစစ်ဆေးရေးမှူးအဖြစ် စတင်ဝင်ရောက်ခဲ့ပြီး ၁၉၇၇ ခုနှစ်အထိ ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၇၇ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ နိုင်ငံတော်စီမံကိန်းကော်မတီတွင် ညွှန်ကြားရေးမှူးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်အထိလည်းကောင်း၊ ၁၉၈၇ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ပြည်သူ့ညီလာခံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မဲခေါင်မြစ်ကော်မရှင်တို့တွင် ရာထူးတာဝန်အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ လာအိုအမျိုးသားမဲခေါင်ကော်မတီတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးတွင် သံမှူးအဖြစ်လည်းကောင်း တာဝန်အသီးသီးထမ်းဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်မှ ယနေ့အထိ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ကွေလီ အေ၊ ဆုဖာခက်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားနှစ်ဦးနှင့် သမီးတစ်ဦးရှိသည်။

(သတင်းစဉ်)

OK Myanmar Co., Ltd. မှ ပြသထားသော ဒေဝူး DVD ပြစက်ပုံစံသစ်များ၊ လေအေးပေးစက်များ၊ ရေခဲသေတ္တာများကို တွေ့ရစဉ်။
(သတင်းစဉ်)

Daewoo လျှပ်စစ်ပစ္စည်းသစ်များ မိတ်ဆက်ရှင်းလင်းပြသ

ရန်ကုန် ဇန်နဝါရီ ၁၉

OK Myanmar Co., Ltd. ၏ ဒေဝူးလျှပ်စစ်ပစ္စည်းသစ်များ မိတ်ဆက်ရှင်းလင်းပြသခြင်း အခမ်းအနားကို ဇန်နဝါရီ၁၆ ရက် ည ၇ နာရီက ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းဆုံရှိ Excel Treasure Hotel ၏ Crystal Jade Hall ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်က Daewoo လျှပ်စစ်ပစ္စည်း အမျိုးအစားများ တိုးချဲ့ဖြန့်ဖြူးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က Daewoo လျှပ်စစ်ပစ္စည်းများ၏ အရည်အသွေး အာမခံချက်နှင့် ကုမ္ပဏီ၏ ဝန်ဆောင်မှု အာမခံချက်များကိုအသေးစိတ်ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒါရိုက်တာ အဖွဲ့ဝင် ဦးမျိုးဝင်းက ကုမ္ပဏီမှ Daewoo လျှပ်စစ်ပစ္စည်းများအား ရောင်းအားမြှင့်တင်ရေး အစီအစဉ်များဖြင့် ရောင်းချနေသည့် အခြေအနေများနှင့် ဝယ်ယူသုံးစွဲမှုများ၊ ရောင်းချပေးသည့် Electronic ဆိုင်များမှ ရရှိမည့်အခွင့်အရေးများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် Daewoo လျှပ်စစ်ပစ္စည်းများ ရောင်းအားမြှင့်တင်ရေးအစီအစဉ်အရ Aircon ဝယ်ယူရာတွင် ရေခဲသေတ္တာဆွတ်ခူးသွားသည့်သန်လျင်မြို့နေ မမြတ်ပွင့်ချိုနှင့် Five Star မှ ဦးထွန်းဝင်းတို့အား ငွေကျပ် ၄၈၀၀၀၀ တန်ဖိုးရှိ Daewoo ရေခဲသေတ္တာ တစ်လုံးစီတို့ကို ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က ပေးအပ်ချီးမြှင့်သည်။

လက်တွေ့ရှင်းလင်းပြသ

ဆက်လက်၍ OK Myanmar Co., Ltd. မှ အင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကုမ္ပဏီမှ ဈေးကွက်သို့ ဖြန့်ဖြူးတော့မည့် ဒေဝူးဒီဗွီဒီပြစက်များ၏ အရည်အသွေးနှင့် စွမ်းဆောင်နိုင်မှုများကို လက်တွေ့ရှင်းလင်း ပြသရာ တက်ရောက်လာကြသည့် အရောင်းကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်သွယ်စုံစမ်း

OK Myanmar Co., Ltd. သည် ကိုရီးယားသမ္မတနိုင်ငံမှ ထုတ်လုပ်သည့် ဒေဝူးလျှပ်စစ်ပစ္စည်းများကို မြန်မာနိုင်ငံ ဈေးကွက်ဖြန့်ဖြူးရေးတွင် တစ်ဦးတည်း ကိုယ်စားလှယ်ဖြစ်ပြီး ယခုတစ်ဖန် DVD ပြစက်ပုံစံသစ်များကို ထပ်မံဖြန့်ဖြူးခြင်းဖြစ်သည်။ ဒေဝူးလေအေးပေးစက်များကို ကုမ္ပဏီမှ အာမခံကာလ သုံးနှစ်ဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး ခြောက်လအတွင်း စက်ကြောင့် ချို့ယွင်းပျက်စီးခြင်းများ ရှိခဲ့ပါက ဝယ်ယူသည့်ဆိုင်များတွင် စက်သစ်တစ်လုံး ချက်ချင်းလဲလှယ်ပေးရန် အာမခံကြောင်း သိရသည်။ လက်ရှိအခြေအနေတွင် ရောင်းအားမြှင့်ကာလ သတ်မှတ်ပြီး သက်သာသည့် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့်အပြင် ငွေကျပ် ၂၃၄ သိန်းတန်ရှိ ဗလာမပါ ကံစမ်းမဲ အစီအစဉ်များလည်း ထည့်သွင်းထားကြောင်း သိရသည်။ ရောင်းအား မြှင့်တင်ရေးကာလမှာ ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ၂၀၀၇ ခုနှစ် ဧပြီ ၁၁ ရက်အထိ သတ်မှတ်ထားပြီး အသေးစိတ်သိရှိလိုပါက ကုမ္ပဏီရုံးချုပ် အမှတ်(၁၆၃) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ဖုန်း- ၃၉၂၉၈၆၊ ၃၉၂၉၈၇၊ ၃၇၇၆၂၇၊ ၃၉၂၉၉၇၊ အမှတ်၂၀၁-၂၀၃ ပန်းဆိုးတန်းလမ်း(လယ်) ကျောက်တံတားမြို့နယ်ရှိ အရောင်းပြခန်း ဖုန်း- ၂၄၁၀၇၇၊ ၃၈၇၆၄၄၊ အမှတ် ၁၂၄ မဟာဗန္ဓုလပန်းခြံလမ်းရှိ Service Centre ဖုန်း-၃၇၆၉၉၇၊ ၃၈၄၇၄၈၊ ၂၉၉၄၀၁ နှင့် အမှတ် ယ-၄/၂၈ ရန်အောင် (၁)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းမကြီး ပျဉ်းမနားမြို့ Sales and Service Centre ဖုန်း- ၀၆၇-၂၂၉၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။**(သတင်းစဉ်)**

Daewoo လျှပ်စစ်ပစ္စည်းများ မိတ်ဆက် ရှင်းလင်းပြသခြင်း အခမ်းအနားတွင် OK Myanmar Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အမည်ပြောင်း

ဦးလှမျိုးရှိန် ၂/ရကန(နိုင်) ၀၇၅၄၈၇၏သား အထက(၄) ပြင်ဦးလွင် နဝမတန်း (A)မှ မောင်ထူးတင့်နောင်အား ယနေ့မှစ၍ မောင်ထက်မင်းရှိန်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထက်မင်းရှိန်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မကြည်သာဝင်းနိုင်၏ နိုင်ငံကူးလက်မှတ် အမှတ်-၆၀၀၄၄၂ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၀၉-၅၁၁၁၅၁၃။**

သုဓမ္မမဏိဇောတဓရ ဦးလှထွန်း (လူမှုထူးချွန် တတိယဆင့်)
(စံချိန်မီ မိသားစု သုံးဆယ်မြို့)အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ တိုင်းမော်တော်ယာဉ်လိုင်းလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သူ **ဦးလှထွန်း (လူမှုထူးချွန် တတိယဆင့် သုံးဆယ်မြို့)** အား ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ အသက်ရှည်ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏အကျိုးနှင့် မြတ်ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်ကော်မတီဝင်များ
တိုင်းမော်တော်ယာဉ်လိုင်းလုပ်ငန်းကော်မတီ
ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း။

KMD Computer Centre
Customized Program များဖိမ်ိဖိတ်ကြိုက် ရေးသားလိုသူများအတွက်
Software Engineering
Duration: 340 Hours
Commencing Date --- 22.01.2007 (2:00 - 5:30) Mon to Fri

DIM SUM
EAC

နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့၏ ISO 9001:2000 အရည်အသွေး စီမံခန့်ခွဲမှုလက်မှတ်ရ
ဦးသာရင် ၏ သွက်ချာပါဒလေငန်းဆေးကျော် (ဆေးမှုန့်)

အများသိစေရန်

အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မိမိတို့၏အလုပ်တာဝန်များမှ နုတ်ထွက်သွားပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၁။ ဦးအေးကြူ (Hotel Manager) ၉/မရမ(နိုင်)၀၁၀၀၀၁
၂။ ဦးစိုးမြင့်သန်း (Executive Housekeeper) ၉/မမန(နိုင်)၀၂၂၀၆၈
၃။ ဒေါ်နန်းစုစန္ဒာရီ (Sales Executive) ၁၃/လရန(နိုင်)၀၈၅၉၉၂
၄။ ဦးကျော်စိုးမိုး (E.D.P Assistant) ၉/မရတ(နိုင်)၁၁၄၉၃၅

မိမိတို့၏လိုအပ်ချက်အဆင်ပြေစေရန်အတွက်နှင့် လိုအပ်ချက်များရှိပါက အောက်ပါအရောင်းဌာနများနှင့် အဆက်အသွယ်ပြုလုပ်နိုင်ပါသည်။

Yangon : 666 Strand Road, 5th Floor, # 05-02, Golden Swan Building, Lamadaw Township. Tel:95-1-211595 Fax:95-1-228054 E-mail: marplanco @ mptmail.net.mm

Mandalay : 44(B),26th Road, Between 66th & 68th Street, Mandalay. Tel:95-2-35678, 31591 Fax:95-2-35677 E-mail: mdyswan @ mptmail.net.mm

Singapore : 181-B, Thomson Road, Goldhill Centre, Singapore 307627. Tel:656-2505488 Fax:656-2536741 E-mail: marplan @ m box 3. singnet.com.sg

မန္တလေး စွမ်းဟိုတယ်ကို အစဉ်အမြဲအသုံးပြုခဲ့သူများ နောင်တွင်အသုံးပြုရန် ရည်ရွယ်သူများကို အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

Mandalay Swan Hotel
44(B), 26th Road,
Between 66th & 68th Street,
Mandalay, Myanmar.

ကုန်စည်ပြပွဲကျင်းပမည်
PREMIER

SUCCESS LANGUAGE ACADEMY
ENGLISH SPEAKING
Grammar Foundation 20 Jan 10-12:00 a.m.
Grammar & Writing 3 Feb 10-12:00 a.m.
Academic Writing 15 Jan 10-11:30 a.m.
Pre-Intermediate 4 Skills 29 Jan 3:30-5:00 p.m.
13 Feb 10-11:30 a.m.
Academic English 5 Feb 7:30-9:00 a.m.
IELTS 22 Jan 7:30-9:00 a.m.
Y.W.C.A.

သမီး မစန္ဒာ

သမီး အိမ်မှဆင်းသွားကတည်းက ဖေဖေ မေမေ စိတ်မချမ်းသာပါ။ သမီးလေး အမြန်ပြန်လာပါ။ သမီးလေး အမြန်ဆက်သွယ်ပါ။ အားလုံးခွင့်လွှတ်သည်။ မှတ်ပုံတင်မပါဘဲ လက်ခံထားသူမှာ ပြစ်မှုကျူးလွန်သူဖြစ်ပြီး ဥပဒေအရအရေးယူမည်။ သတင်းပေးသူအား ကျေးဇူးပြုပါမည်။

ပါပါး-မာမီး
ဖုန်း-၂၉၉၀၈၃။

Institute of Technical Education
Enquiry : 298739
April 2007
2-year Full-time
(Last Date : 28 Jan)
SYM Education Centre

သိဒ္ဓိတင်ပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ၁၀ရပ်ကွက် ၅၁လမ်း အမှတ် ၁၃၇/၁၃၉တွင် တည်ရှိသော စရီဝါရသဂျာပေရှုမာလ်ဘုရားကျောင်း မဟာသိဒ္ဓိတင်မင်္ဂလာ ရေစင်သွန်းလောင်းပွဲကို ဇန်နဝါရီ ၂၉ရက်(တနင်္လာနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သာယာမည်

ရန်ကုန်မြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

မန္တလေးဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်း ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘ၊ အစ်ကို၊ အစ်မများအားရည်စူး၍ မော်လမြိုင်ကျွန်း ၁၀လမ်း ကန္နား (လမင်းထွန်းပွဲရုံ)နေ ဦးစန်းမြင့်-ဒေါ်ခင်လေးရီ မိသားစုက လှူဒါန်းငွေကျပ်တစ်သိန်းနှင့် ဆရာတော် ဦးဇောတိက (မဟာပုညဝမုနကျောင်း-မော်ကျွန်း)နှင့်ပါရမီရှင်များ၏လှူဒါန်းငွေကျပ် ၃၇၄၀၀၀ကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ်၄၂ (ပထမထပ်) (အလှူငွေလက်ခံရာဌာန)တွင် လှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က ဂုဏ်ပြုလွှာပြန်လည် ဆက်ကပ်စဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၀-၁-၂၀၀၇ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ ပုလင်းရေလှောင်တမံ
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၁၅ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar made Easy
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၅၀ ၆။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၃:၀၀ ၇။ "ရင်ထဲမှာသာတဲ့လ" ဆက်မော်၊ ခင်မောင်ချင်း၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ- ခင်မောင်ချင်း၊ ပုလဲရောင်မမှိန်)
၁၃:၃၀ ၈။ စိမ်းလန်းစိုပြည် အပူပိုင်းဒေသနယ်မြေ (မကွေးတိုင်း)
၁၃:၄၅ ၉။ တေးဂီတအစီအစဉ်
၁၄:၀၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၂၅ ၁၁။ ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါ တိုက်ဖျက်စို့
၁၄:၃၀ ၁၂။ "မမြင်ကွယ်ရာ" မောင်မောင်မြင့်၊ မောင်မောင်မျိုးသန့်၊ မတူး (ဒါရိုက်တာ-စိုးဟိန်း၊ မန်းတက္ကသိုလ်)
၁၄:၄၅ ၁၃။ International News
၁၅:၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (မြန်မာစာအထူးပြု) [မြန်မာစာ]
၁၆:၄၀ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၆:၅၀ ၅။ တေးဂီတအစီအစဉ်
၁၇:၀၅ ၆။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၇:၂၅ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၁၇:၅၀ ၈။ အရှိန်မြှင့်ရမည့် စက်မှုလယ်ယာ ကူးပြောင်းရေး
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ အလုပ်ရှာမယ် လုပ်ကမ္ဘာဝယ်
၁၈:၅၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကြယ်ကြွေရင်ခုန်သံ"** (အပိုင်း-၁၃)
၁၉:၄၅ ၁၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (မြန်မာ့ရိုးရာ လက်မှုအနုပညာ စဉ့်ထည်လုပ်ငန်း) (နွယ်ငြိမ်းရွာ)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသောနေ့ရက်များ"** (အပိုင်း-၁၇)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

The Live News ဂျာနယ် အမှတ်(၂၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၂၀)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

လျှပ်စစ်ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေ၊ အမြင့်ပေ ၁၀၅၀၀ရှိသော နတ်မတောင်ထိပ်သို့ ILBC ခြေလျင်တောင်တက်အသင်း တက်ရောက်၊ လွတ်လပ်သောကုန်သွယ်မှုဇုန် ကျောက်ဖြူတွင်တည်ထောင်မည်၊ ဒလမြို့နယ် မျက်လှာပွင့်ဘုရားသို့ ဟိုင်းကြီးကျွန်းမှ စပါးကြီးမြွေတစ်ကောင် လာရောက်လှူဒါန်း၊ အမေရိကန်တပ်ဖွဲ့များက အီရတ်ရှိ အီရန်ကောင်စစ်ဝန်ရုံးအား ဝင်ရောက်စီးနင်းခဲ့၊ ဗင်နီဇွဲလား၌ ဆိုရှယ်လစ်သမ္မတ ဟူဂိုချာဗက်ဇ် ကျမ်းသစ္စာကျိန်ဆို၊ ဆိုမာလီ၌ အမေရိကန်လေကြောင်းတိုက်ခိုက်မှု မှန်းချက်နှင့် နှမ်းထွက်မကိုက်၊ သိပ္ပံပညာရှင် စတီဖင်ဟော့ကင်း အာကာသခရီးထွက်မည်၊ ပါကစ္စတန်မှာ အယ်လ်ကေဒါအဖွဲ့ ပြန်လည်စုစည်းမိနေပြီလား၊ သမ္မတဘုရှ်၏ အီရန်မဟာဗျူဟာအသစ် (သို့မဟုတ်) ရေနစ်သူ၏ နောက်ဆုံးကောက်ရိုးတစ်မျှင်၊ မလေးရှားကိုသွားမယ်ဆိုရင်၊ တက္ကစီမင်းဇနီးသည်နှင့်ဝင်ငွေ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာတင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ကမ္ဘာတစ်လွှား အားကစား

နပျိုလန်းဆန်းလာသော အာဆင်နယ်

လန်ဒန် ဇန်နဝါရီ ၁၈

ပရီမီယာလိဂ်တွင် မန်ယူ၊ ချယ်လ်ဆီးနှင့်လီဗာပူးတို့သည် အမှတ်ပေးဇယားတွင် ဦးဆောင်နေကြသော ထိပ်တန်းအသင်းကြီးများဖြစ်ကြသည်။ ထိုအထဲတွင် အာဆင်နယ်အသင်းသည်လည်း ထိပ်တန်းစာရင်းဝင်အသင်းအဖြစ် လူသိများကြသည်။

အာဆင်နယ်အသင်းသည် ၂၀၀၆ခုနှစ် ဒီဇင်ဘာလအတွင်းက အမှတ်ပေးဇယား အမှတ်စဉ်(၁)နှင့် (၄)အကြားဝင်ရန် မနည်းရုန်းကန်ကြိုးစားနေရသည်။ သို့သော်လည်း ပွဲစဉ်(၂၃)ကစားပြီးခဲ့သည့် ဇန်နဝါရီ၁၄ရက်က အာဆင်နယ်တို့ အမှတ်စဉ်(၄) နေရာသို့ ခုန်တက်လာနိုင်ခဲ့သည်။

မကြာမီက ကစားသွားသည့် လီဗာပူးအသင်းနှင့် ကစားခဲ့သော အက်ဖ်အေဖလားပြိုင်ပွဲနှင့် ကားလင်းဖလား ကွာတားဖိုင်နယ်ကစားခဲ့ပုံများကို ရုပ်မြင်သံကြားတွင် ကြည့်ရှုလိုက်ရသည်။ အာဆင်နယ်အသင်းတွင်လူငယ်ကစားသမားများပါဝင်ကာ လျင်မြန်သွက်လက်စွာ ကစားသွားသည်ကို တွေ့ရသည်။

ကိုးကားတင်ပြသူ - မြင့်မောင်စိုး



အာဆင်နယ် ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်၏ ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

လျင်မြန်သွက်လက်

အာဆင်နယ်အသင်းတွင် အသက်(၂၀)ဝန်းကျင်ကစားသမားအများဆုံး ထည့်သွင်းကစားခဲ့သဖြင့် အလွန်လျင်မြန် သွက်လက်နေပြီး လီဗာပူးတို့ ကစားကွက်တည်မရအောင် ဖြစ်ခဲ့ရသည်။ ဇန်နဝါရီ ၆ရက်က ကစားခဲ့သော အက်ဖ်အေဖလားပြိုင်ပွဲတွင် လီဗာပူးအသင်းကို အာဆင်နယ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ထို့အရင်က ပရီမီယာလိဂ် ပြိုင်ပွဲတွင် လီဗာပူးတို့ အာဆင်နယ်ကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သေးသည်။

တစ်ဖန် ကားလင်းဖလား ကွာတားဖိုင်နယ်ပွဲအဖြစ် ဇန်နဝါရီ ၉ ရက်က ယှဉ်ပြိုင်ကစားသည့်ပွဲတွင်လည်း အာဆင်နယ်အသင်းက ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့ပြန်သည်။ ယင်းဂိုးရလဒ်များကို ပြန်လည် သုံးသပ်ကြည့်ခြင်းဖြင့် အာဆင်နယ်၏ အောင်မြင်မှုသည် လျှို့ဝှက်ချက်တစ်ခုရှိနေသည်။ ဤသည်မှာ အရည်အချင်းပြည့်ဝသော လူငယ်ကစားသမားများဖြင့် တောင့်တင်းခိုင်မာလာနေပြီဖြစ်သည်။ တစ်နည်းအားဖြင့် အာဆင်နယ် ပြန်လည်နုပျိုလန်းဆန်းလာခြင်းဖြစ်သည်။

ဗန်ပါစီ၏ လှပသောဂိုးသွင်းကန်ချက်။ (ဓာတ်ပုံ-အင်တာနက်)

အာဆင်နယ်တွင် လူဟောင်းဆိုလို့ ဂိုးသမားကြီးလေးမန်း၊ ကွင်းလယ်ကစားသမားယွန်းဘတ်၊ တိုက်စစ်မှူး အွန်နရီတို့လောက်သာရှိတော့သည်။ ယင်းတို့သည် လူဟောင်းကစားသမား ဆိုသော်လည်း အကောင်းဆုံး လက်ရွေးစင်များဖြစ်၍ နည်းပြအာစင်ဝင်းဂါးက လက်မလွှတ်ဘဲ ဆွဲထားခဲ့ခြင်း ဖြစ်သည်။

နုတ်ဆက်

တစ်ချိန်က နာမည်ကြီးတိုက်စစ်မှူး ဒင်းနစ်ဘားကင့်သည်လည်း ယမန်နှစ်က အာဆင်နယ်ကို နှုတ်ဆက်ထွက်ခွာသွားပြီဖြစ်သည်။ အသက် (၂၉)နှစ်ရှိ ကင်မရွန်းနောက်တန်းကစားသမား လောရင့်ကိုလည်း အသင်းမှထွက်ခွာရန် နည်းပြအာစင်ဝင်းဂါးက တိုက်တွန်းခဲ့သည်ကို ဇန်နဝါရီ ၁၂ရက်က အင်တာနက်တွင် သတင်းဖတ်လိုက်ရသေးသည်။ ၎င်းအစား ဇန်နဝါရီ လဆန်းက အိုင်ဗရီကို့စ်နောက်တန်း ကစားသမား အသက်(၂၁)နှစ်သာ ရှိသေးသည့် အီဘိုးအား ပေါင်တစ်သန်းခွဲဖြင့် ခေါ်ယူစာချုပ်ထားသည်။

ရှေ့တန်း

အာဆင်နယ်၏ ရှေ့တန်းကိုကြည့်လျှင် ဝါရင့်တိုက်စစ်မှူး အွန်နရီအပြင် ဗန်ပါစီနှင့် အဒီဘာယောတို့သည် စိတ်ချရသည့် တိုက်စစ်မှူးကောင်းများ ဖြစ်သည်။ လောလောဆယ်တွင် ဗန်ပါစီသည် အွန်နရီကို ကျော်ပြီး အာဆင်နယ်အသင်းအတွက် ၁၀ ဂိုး သွင်းယူပေးထားသည်။ ၎င်းသည် အသက်(၂၃)နှစ်သာရှိပြီး နယ်သာလန်တိုက်စစ်မှူးဖြစ်သည်။ နည်းပြအာစင်ဝင်းဂါးက ဗန်ပါစီအား ဒင်းနစ်ဘားကင့်ကဲ့သို့ အဆုံးသတ်သေချာသော တိုက်စစ်မှူးဖြစ်ကြောင်း အခိုင်အမာ ပြောဆိုထားသည်။ ထို့အတူ တိုဂိုလက်ရွေးစင်တိုက်စစ်မှူး အဒီဘာယောသည်လည်း အသက် (၂၂)နှစ်သာ ရှိသေးသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် အာဆင်နယ်အသင်းအတွက် ခြောက်ဂိုးသွင်းပြနိုင်ခဲ့သည့် တိုက်စစ်မှူး ဖြစ်သည်။

အလယ်တန်း

အာဆင်နယ်အသင်း၏ အလယ်တန်းကိုကြည့်လျှင် ယမန်နှစ်က ခေါ်ယူထားသည့် ချက်ကွင်းလယ်ကစားသမား ရိုဆစ်စကီးသည် ကွင်းလယ်တွင်မွေနောက်ခြေစွမ်းပြနေသည့် ကစားသမားဖြစ်သည်။ ၎င်းသည် မကြာမီက ကစားခဲ့သည့် အက်ဖ်အေဖလားပြိုင်ပွဲတွင် လီဗာပူးအသင်းဘက်သို့ နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အလားတူ ဘရာဇီးလက်ရွေးစင် အသင်းမှ ဘာတစ္စတာသည်လည်း ကားလင်းဖလားပြိုင်ပွဲ တွင် ထူးထူးခြားခြား လေးဂိုးတောင်သွင်းပြခဲ့သည့် လူငယ် ကွင်းလယ်ကစားသမားဖြစ်သည်။

တစ်ဖန် အာဆင်နယ် ကွင်းလယ်တွင် ဂျီဘာတိုဆေးလ်ဗား၊ ဖာဘရီဂက်စ်၊ အလက်ဇန္ဒားလက်ဘ်နှင့် ဖလာမီနီတို့သည်လည်း အရည်အချင်းပြည့်ဝသော ကွင်းလယ်ဖန်တီးရှင်များ ဖြစ်သည်။

နောက်တန်း

အာဆင်နယ်၏နောက်တန်းတွင် ပြင်သစ်လက်ရွေးစင် ဝီလျံဂါးလက်စ်လောက်သာ အသက်ကြီးသူရှိသည်။ ကျန်နောက်တန်းကစားသမားများဖြစ်သော ဖီးလစ်ဆန်ဒရို့စ်၊ ကလင်ချီ၊ အီဘိုးတို့သည်အသက်(၂၀)ကျော်သာရှိသေးသည်။

ပရီမီယာလိဂ်တွင် မန်ယူနည်းပြ ဖာဂူဆန်က လူဟောင်း၊ လူသစ်များဖြင့် တွဲဖက်ပြီး အကောင်းဆုံးအသင်းကို ဖွဲ့စည်းထားသည်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကလည်း ကမ္ဘာ့ကြေးကြီး ဘောလုံးသမားများဖြင့် အကောင်းဆုံးအသင်းအဖြစ် ဖွဲ့စည်းထားသည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက လူငယ်ခြေစွမ်းရှိ ကစားသမားများဖြင့် အသင်း၏အင်အားကို ဖြည့်ဆည်းသည်။ ထို့ကြောင့် အာဆင်နယ်သည် နုပျိုလန်းဆန်းလာသည်။ တောင့်တင်းခိုင်မာလာသည်ဟု ဆိုရမည်သာ ဖြစ်သည်။

ဇန်နဝါရီ ၂၀ရက် ညနေချမ်းတွင် အာဆင်နယ်က သူ၏ တောင့်တင်းခိုင်မာမှုကို မန်ယူအသင်းအား ဖိတ်ခေါ်၍ ခြေစွမ်းပြလိမ့်မည် ဖြစ်သည်။ ယခုနှစ်အတွင်း အာဆင်နယ်က မန်ယူကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့ဖူးသည်။

ဘောလုံးအားကစား ဝါသနာရှင်များအနေဖြင့် အဆိုပါ ညနေချမ်းကာလတွင် နုပျိုလန်းဆန်းလာသောအာဆင်နယ်နှင့် ထိပ်ဆုံးရောက် မန်ယူတို့၏ အကြိတ်အနယ်ပွဲအဖြစ် ကြည့်ရှုကြရဦးမည် ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပေသည်။ ။ **(ကိုးကားချက်-အင်တာနက်သတင်းများ)**

အက်ဖ်အေဖလား တတိယအဆင့် ဒုတိယအကျော့ ယှဉ်ပြိုင် မန်စီးတီးနှင့်မစ်ဒယ်ဘာရော့တို့ နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်လှမ်း

လန်ဒန် ဇန်နဝါရီ ၁၈

အက်ဖ်အေဖလား တတိယအဆင့် ဒုတိယအကျော့ ဘောလုံးပြိုင်ပွဲ လက်ကျန်ပွဲစဉ်များကို ဇန်နဝါရီ ၁၇ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ မန်စီးတီးနှင့် ရက်ဖီးဝက်နက်စ်ဒေးတို့ပွဲတွင် မန်စီးတီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး မစ်ဒယ်ဘာရော့နှင့်ဟောအသင်းတို့ပွဲတွင် မစ်ဒယ်ဘာရော့က လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရေးသားတင်ပြသူ - မောင်မောင်မြင့်ဆွေ

မန်စီးတီးနှင့် ရက်ဖီးဝက်နက်စ်ဒေး

မန်စီးတီးတို့ အိမ်ကွင်း၌ ဖိဖိစီးစီး ကစားခဲ့မှုကြောင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။ မန်စီးတီးတွင် ကော်ရာဒီ၊ ဗက်ဆဲလ်၊ ဒါဘိုနှင့်အီရီလန်တို့က နားလည်မှုရှိရှိ အချိတ်အဆက်မိမိ ကစားနိုင်ခဲ့မှုကြောင့် ဂိုးသွင်းခွင့် အခွင့်ရေးများ ရရှိခဲ့သည်။

မန်စီးတီးတွင် ယခုပွဲ၌ ဂျွန်ဆင်နှင့် မီလာတို့ကို အနားပေးထားခဲ့ပြီး ရက်ဖီးကို အနိုင်ရအောင် ကစားခဲ့ရာတွင် ဗက်ဆဲလ်၊ ဒါဘိုနှင့် အီရီလန်တို့ ခြေပေါ်အောင် ကစားနိုင်ခဲ့သည်။

ဦးဆောင်နေ

မန်စီးတီးအတွက် အဖွင့်ဂိုးကို ပွဲချိန် ၄၄ မိနစ်၌ အီရီလန်က သွင်းယူပေးခဲ့သဖြင့် မန်စီးတီးတို့ ပထမပိုင်း ပွဲချိန်အတွင်း တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေနိုင်ခဲ့သည်။

သို့သော်လည်း ရက်ဖီးဝက်နက်စ်ဒေးမှ ဘူလန်က ပွဲချိန် ၅၁ မိနစ်၌ ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ချေပဂိုး ပေးလိုက်ရသဖြင့် မန်စီးတီးတို့ တိုက်စစ်အရှိန်မြှင့်ပြီး ဖိကစားခဲ့ရာ ပွဲချိန် ၅၆ မိနစ်၌ ဗက်ဆဲလ်က မန်စီးတီးအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

နောက်တစ်ဆင့်သို့တက်

မန်စီးတီးသည် ကော်ရာဒီအစား ဆာမာရက်စ်၊ ဗက်ဆဲလ်အစား ဘာစလေတို့ကို ထည့်သွင်းကစားစေခဲ့သော်လည်း ဂိုးထပ်မံမသွင်းနိုင်ဘဲ နှစ်ဂိုး-တစ်ဂိုးဖြင့် ကျေနပ်ခဲ့ရသည်။ မန်စီးတီးသည် ပြီးခဲ့သည့် ပထမအကျော့၌ အဝေးကွင်းတွင် ရက်ဖီးဝက်နက်စ်ဒေးနှင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး ယခုပွဲ အနိုင်ရရှိခဲ့သဖြင့် နှစ်ပွဲပေါင်းရလဒ်အရ အက်ဖ်အေဖလား နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

မစ်ဒယ်ဘာရော့နှင့် ဟော

မစ်ဒယ်ဘာရော့အသင်းသည် အိမ်ကွင်း၌ ဂိုးပြတ်သွင်းအနိုင်ယူရေး ကြိုးစားခဲ့သော်လည်း ဟောတို့က ချေပဂိုးများ နောက်မှ လိုက်လံသွင်းယူခဲ့သဖြင့် လေးဂိုး-သုံးဂိုးဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

သွင်းယူပေးခဲ့

မစ်ဒယ်ဘာရော့နည်းပြ ဆောက်ဂိတ်သည် တိုက်စစ်တွင် ယာကူဘူ၊ ဗီဒူကာနှင့် ဒေါင်းနင်းတို့အတွဲကို ထုတ်သုံးခဲ့သဖြင့် ဟောအသင်းဘက်သို့ ပထမပိုင်း ပွဲချိန်အတွင်း ဖိကစားနိုင်ခဲ့သည်။ မစ်ဒယ်ဘာရော့အတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၂ မိနစ်၌ ဟေးနက်စ်က သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို ပွဲချိန် ၄၉ မိနစ်၌ ဗီဒူကာက သွင်းယူပေးခဲ့သည်။

မစ်ဒယ်ဘာရော့ တိုက်စစ်ကို ဟောခံစစ်မှူးများဖြစ်သည့် ရစ်ကတ်စ်၊ ကောနာ၊ ဒီလာနေနှင့်ဒေါ်ဆင်တို့ မဟန့်တားနိုင်ဘဲရှိရာ ပွဲချိန် ၅၇မိနစ် ပယ်နယ်တီပြစ်ဒဏ်ဘောပေးခဲ့ရပြန်သည်။ ၎င်းပြစ်ဒဏ်ဘောကို မစ်ဒယ်ဘာရော့တိုက်စစ်မှူး ယာကူဘူက သွင်းယူခဲ့သဖြင့် မစ်ဒယ်ဘာရော့တို့ သုံးဂိုးအသာဖြင့် ဦးဆောင်နေနိုင်ခဲ့သည်။

မန်စီးတီးနှင့် ရက်ဖီးဝက်နက်စ်ဒေးတို့ပွဲတွင် မန်စီးတီးမှ ဒစ်စတင် (ယာ)နှင့် ရက်ဖီးဝက်နက်စ်ဒေးမှ မက်ကလင်တို့ ဘောလုံးယှဉ်လုစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အနိုင်ရရှိ

သို့သော် ဟောတို့က တန်ပြန်တိုက်စစ်မှ တစ်ဆင့် ပွဲချိန် ၅၉မိနစ်တွင် ဒေါ်ဆင်ကတစ်ဂိုး၊ ၆၃ မိနစ်တွင် ပါကင်က တစ်ဂိုးသွင်းယူချေပနိုင်ခဲ့သည်။ မစ်ဒယ်ဘာရော့အတွက် စတုတ္ထဂိုးကို ပွဲချိန် ၆၄မိနစ်၌ ဗီဒူကာကသွင်းယူပေးခဲ့သော်လည်း ဟောအတွက် ဒေါ်ဆင်ကပင် ၆၉ မိနစ်၌ ချေပဂိုးသွင်းယူခဲ့ပြန်သဖြင့် မစ်ဒယ်ဘာရော့တို့ လေးဂိုး-သုံးဂိုးဖြင့်သာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တက်ရောက်နိုင်

မစ်ဒယ်ဘာရော့သည် ပထမအကျော့၌ ဟောအသင်းနှင့် တစ်ဂိုးစီသရေဖြစ်ခဲ့ပြီး ယခုပွဲ လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် အက်ဖ်အေဖလား နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ ။

အခြားပွဲ ရလဒ်များ

နယူးကာဆယ်	၁ - ၅	ဘာမင်ဂမ်
ဖူလ်ဟမ်	၄ - ၃	လက်စတာ
စပါး	၄ - ၀	ကာဒစ်ဖ်။

(အင်တာနက်)

မစ်ဒယ်ဘာရော့အသင်းနှင့် ဟောတို့ပွဲတွင် ဟောအသင်းမှ ဒေါ်ဆင်(ယာ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)၄၀ ရပ်ကွက် ဗိုလ်မင်းရောင်လမ်း အမှတ် ၆၂၉နေ ဒေါ်သန်းကြင်၏ အသက် (၉၅)နှစ်ပြည့် မြေး မြစ် မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ (ဝံသမေဒနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ဘက်စုံပညာထူးချွန်ဆု ကျောက်တံခါးမြို့၌ချီးမြှင့်

ကျောက်တံခါး ဇန်နဝါရီ ၁၀

ကျောက်တံခါးမြို့နယ် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ဘက်စုံပညာရည် ထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက်က မြို့နယ်စည်ပင်သာယာခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးစောဘိသိန်းက ဆုချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နှစ်ဖက်မိဘများအား ရည်စူး၍ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်း အမှတ် ၃၆ နေ ဦးအောင်လွင်တိတ်–ဒေါ်ကြည်အေး၊ သားသမီး၊ မြေးမြစ် တစ်စုတို့က ဒဂုံမြို့နယ် အမှတ် ၁၆စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းနှင့် စစ်ကိုင်း–ဝါးချက် ကားလမ်းအတွက် အလှူငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ်နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်) ဌာနအတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တောင်ကြီးမြို့အဝင် ကြိုးတံတားနှင့် ရှုခင်းသာပန်းခြံပြုပြင် ဇဟုသုတရရန် တိရစ္ဆာန်ဥယျာဉ်ငယ် တည်ဆောက်

ရန်ကုန် ဇန်နဝါရီ ၁၉

၁၉၈၉ခုနှစ်က တည်ဆောက်ခဲ့သော တောင်ကြီးမြို့ ကြိုးတံတားနှင့် ရှုခင်းသာပန်းခြံကို အများပြည်သူ အနားယူအပန်းဖြေနေရာနှင့် ရုက္ခဗေဒဥယျာဉ်ငယ် တစ်ခုဖြစ်အောင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ရှမ်းပြည်နယ် သစ်တောဦးစီးဌာနနှင့် အခြားဆက်စပ်ဌာနများ စုပေါင်း၍ ၂၀၀၆ခုနှစ် စက်တင်ဘာမှစတင်၍ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြေယာပြုပြင်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ဆေးဖက်ဝင် ရှားပါးသစ်ပင်ပန်းမာန်များစိုက်ပျိုးခြင်း၊ ကြိုးတံတားနှင့် အခြားအဆောက်အအုံများ ဆေးသုတ်ပြုပြင် မွမ်းမံခြင်းများကို တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ပြီး ၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းမှူးကိုယ်တိုင် သစ်ပင်စိုက်ပွဲတော်ကျင်းပခဲ့ရာ ပြီးစီးနေပြီဖြစ်သည်။

ထို့အပြင် အများပြည်သူများ ဗဟုသုတရစေရန်နှင့် အပန်းပြေစေရန် ရည်ရွယ်၍ တိရစ္ဆာန်ဥယျာဉ်အသေးစားကလေးကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ငှက်မျိုးစုံ ၂၇ကောင်၊ မျောက် ငါးကောင်၊ ယုန် ငါးကောင်၊ ငန်း ငါးကောင်၊ ဆတ် သုံးကောင်၊ သမင် ခြောက်ကောင်၊ ဝက်ဝံ လေးကောင်၊ မြွေ သုံးကောင်၊ မိကျောင်း နှစ်ကောင်ဖြစ်ပြီး ရေနေသတ္တဝါမျိုးစိတ်ဖြစ်သည့် ငါးပြတိုက်တစ်ခု အပါအဝင် ထည့်သွင်းတည်ဆောက်သွားလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မော်လမြိုင်ကျွန်းမြို့နယ် မြို့မဈေး၊ အောင်သာယာဈေးနှင့် ဆိပ်ကမ်းသာဈေးများ၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၃၁ ရက်က ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းသိန်းနှင့် မီးသတ် တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ကြို့ပင်ကောက်မြို့နယ် ဘုကြီးကျေးရွာအုပ်စု ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို ဇန်နဝါရီ ၇ရက်က ဘုကြီးကျေးရွာ မူလတန်းကျောင်းတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန့်ဇင်တို့က အမှာစကားပြောကြားပြီး ဘုကြီးကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးရဲမြင့်အောင်က အသင်းဝင်အဆိုပြုလွှာ ၃၀၀ကို မြို့နယ် အလုပ်အမှုဆောင် ဦးယဉ်ထွေးသို့ ပေးအပ်စဉ်။ (ဝ၄ဝ)

မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး သားကောင်းမိခင်ဆုပေးပွဲ နတ်တလင်း၌ကျင်းပ

နတ်တလင်း ဇန်နဝါရီ ၉

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေရီထွန်းက အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** မွေးစမှ လေးလအထိ ဆုရကလေးငယ်များကို မြို့နယ်ဆရာဝန် ဒေါက်တာကျော်ငြိမ်းကလည်းကောင်း၊ လေးလမှ ရှစ်လအထိကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဆရာဝန် ဒေါက်တာချိုချိုမြင့်က လည်းကောင်း၊ ရှစ်လမှတစ်နှစ်အထိကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးမင်းကလည်းကောင်း၊ တစ်နှစ်မှတစ်နှစ်ခွဲအထိကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှဲ့ဝါမြင့်က လည်းကောင်း၊ တစ်နှစ်ခွဲမှ နှစ်နှစ်အထိ ကလေးများကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်နုနုရီကလည်းကောင်း၊ အမြွှာဆုကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စန်းမြင့်ကလည်းကောင်း ဆုချီးမြှင့်ပြီး သားကောင်းမိခင်ဆုကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မေရီထွန်းက ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပို့တွဲလဆန်း ၄ ရက်
၂၁–၁–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၀း၀၀ သုတစုံစွာသိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာတချို့) (သိပ္ပံမှူးတင်)
၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကားအစီအစဉ် (စပါးရိတ်သိမ်းပြီး လုပ်ငန်းစဉ်များအကြောင်း)
၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ (လုပမှုအပေါင်းသရဖူဆောင်းရမှာ)
၁၁း၄၅ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ပုလဲနှင်းရည်ပါးမှာစွေ (ကြည်ကြည်ဝင်း)
(၂) ပန်းစိုက်သမား (တင်လှထွန်း)
(၃) သမင်လိုက် (ခင်လေးရီ)
၁၂း၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ အစီအစဉ် (စံပြမောင်နှမများ)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ဒန့်သလွန်သီးဝတ္ထုအဆက်)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ထားဝယ်ဒေသမှ ပျူနိုင်ငံ၏ မြို့ဟောင်းများ–စတုတ္ထပိုင်း– ဒေါက်တာဦးဖေဘာဏ်)

ညနေပိုင်း

၁၆း၁၀ နေ့စဉ်သုံးအီဒီယမ်
၁၇း၀၀ တေးသံစုံ (မြန်မာ့အသံ မဟာဂီတအဖွဲ့မှတေးသံစုံ)
၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (သမိုင်းတွင်ထင်ရှား သာလွန်မင်းတရား) (သာရဝေါစိုးကြည်)
၁၇း၃၀ တေးသံရှင်အကြိုက် (တင်ချိုအေး)
၁၈း၄၅ အာယုနှင့် သာစုဆွေးနွေးခန်း
၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်ရေးချစ်ရာ (တင်တင်အောင်)
(၂) အလှပျက်မယ်မိန်းကလေး (စိန်မောင်မြင့်)
(၃) ချစ်စေတနာရှင် (အေဝမ်းတင်တင်လှ)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင် ဆုချီးမြှင့်ပွဲ ကျောက်ကြီးမြို့၌ကျင်းပ

ကျောက်ကြီး ဇန်နဝါရီ ၈

ပဲခူးတိုင်း တောင်ငူခရိုင် ကျောက်ကြီးမြို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေး ပြိုင်ပွဲနှင့် နေ့ကလေးထိန်း ကျောင်းသားကျောင်းသူလေးများ၏ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကျောက်ကြီးမြို့ လွတ်လပ်ရေး ကျောက်တိုင် ရှေ့၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ကလေး ပြိုင်ပွဲနှင့် အားကစားနည်း ရှစ်မျိုး၌ ပထမဆု ရသူများအား မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌဒေါ်ခင်ခင်ထွေးက လည်းကောင်း**(ထိပ်ပုံ)**၊ဒုတိယဆုရသူများအား မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါက်တာသူရကလည်းကောင်း၊ တတိယဆုရသူများအား မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင် မြို့နယ်ပညာရေးမှူး ဦးခိုင်ထွန်းက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ်-၂၄/မမ/ပြည်တွင်း/စက်ပစ္စည်း(CME)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Water Pump	1-Lot
2.	Diesel Generating Set, 30Kw	3-Set
3.	Air Conditioner Split Type,2HP	3-Nos
4.	Sand Shake Out Machine	1-No
5.	Sand Mixture Machine	1-No
6.	Power Tools	1-Lot
7.	Hydraulic Jack(20,30,50Tons)	1-Lot
8.	Rotary Fan	2-Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် ၁-၂-၂၀၀၇(ကြာသပတေးနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၈-၁-၂၀၀၇)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ (၂၀၁၅၅-လိုင်းခွဲ-၆၀၁၊၆၁၃)။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

"ဒေါ်နွဲ့နွဲ့ကြည်" (M.D ဆွေသဟာ ကားဝပ်ရှော့နှင့် အိမ်ငှား၊ မြေငှားဝန်ဆောင်မှုလုပ်ငန်း)အား နိုင်ငံတော်က "သီရိသုဓမ္မသိင်္ဂီ "ဘွဲ့ ချီးမြှင့်ခံရသည့်အတွက် မိသားစုနှင့်အတူ လှိုက်လှဲစွာဝမ်းမြောက် ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သာသနာအကျိုး၊ နိုင်ငံအကျိုး ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

ဆုတောင်းပြည့် မယ်လမုစေတီတော်-ဂေါပကအဖွဲ့၊
ရန်မျိုးအောင်စေတီတော်-ဂေါပကအဖွဲ့၊
မြို့နယ် ဥပဋ္ဌာကအဖွဲ့၊ မြောက်ဥက္ကလာပမြို့နယ်၊
ပုပ္ပား(၂)၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအကျိုးတော်ဆောင်အဖွဲ့၊
ရွှေဘုံသာ ပရိယတ္တိစာသင်တိုက် အကျိုးတော်ဆောင်အဖွဲ့။

သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း အမှတ်၁၃၀၊ အခန်း၃၀နှင့် ဆက်နွယ်ပတ်သက်နေသူများနှင့် အများသိစေရန်-

ဦးအောင်ကြိုင်၊ ဒေါ်တင်မေအေး၊ ဦးဟန်ဆွေနှင့် ဒေါ်သန်းသန်းငွေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ- အောက်ပါအတိုင်း သတိပေးတားမြစ်အပ်ပါသည်။

လူကြီးမင်းတို့သည် ကျွန်ုပ်၏မိတ်ဆွေများ၏ ခွင့်ပြုချက်မရဘဲ အထက်ပါအခန်းအား ငှားရမ်းခွင့်မရှိဘဲ (၂)နှစ်ဆက်တိုက် အိမ်ခန်းကို ငှားရမ်းခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများ၏ ခွင့်ပြုချက်မရဘဲ လူကြီးမင်းတို့အပါအဝင် မည်သူမျှ အထက်ပါအခန်းကို ဆက်လက်၍ငှားရမ်းခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် ပြင်းထန်စွာ သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမပြုပါက တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်းရည် (ငါးသိုင်းချောင်း) M.A(Business Law) Final B.A (Law),
LL.B,D.B.L,D.M.L,B.D.S,E.D.S တရားရုံးချုပ်ရှေ့နေ(၂၀၉၄)
ရုံးအမှတ် ၅၀၊ ဗ-၃(A)ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း၊ Res :512386 H.P 09-51-65160။





အမြန်ရောင်းမည်

မြန်မာ့ဂုဏ်ရည် ကွန်ဒို (ပန်းဆိုးတန်း တံတားအနီး) (1825 sqft) MB(1)BR(2) ၃လွှာ၊ ၁၃လွှာ။

ဆက်သွယ်ရန်
ဖုန်း-၀၉-၅၀၀-၈၁၀၈၊
၆၆၀၀၁၀၊၀၉-၅၀၁-၉၇၈၅၊
၃၈၆၆၁၃။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၇၂၃၆ နီဆန်းဆန်နီ၊ ဆလွန်း(၄ x ၂)ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း မှတ်ပုံတင်အမှတ် ၁၂/ဥကမ(နိုင်)၀၇၄၈၇၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ အရှေ့ပိုင်းခရိုင်ရုံး၊ (ရန်ကုန်မြို့)။

အမည်ပြောင်း

အဖ ဦးသိန်းကျော်၏သား မောင်ကျော်သီဟန်အား မောင်ဖုန်းခန့်ကျော်ဟု ခေါ်ဆိုပါရန်။

မောင်ဖုန်းခန့်ကျော်။

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် မောင်အောင်စိုးနိုင် ၇/ရတရ(နိုင်)၀၇၀၄၃၂ နှင့် မသန္တာမိုး ၇/ရတရ(နိုင်)၀၇၂၂၉၉ တို့သည် ၂-၁၂-၂၀၀၆ရက်တွင် ဆွာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် လူကြီးများနှင့် ဆွာမြို့မှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေအပ်ပါသည်။

မောင်အောင်စိုးနိုင်။

သတိပေးတားမြစ်ခြင်း

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် N.D.C.E Co., Ltd. တို့ အကျိုးတူ ဆောင်ရွက်သော ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်းမကြီးပေါ်ရှိ ၁၂ ထပ်တိုက်တွင် ဦးမြတ်ဆိုင်(အေစီ-၀၄၃၇၄၅) ရယူခံစားပိုင်ခွင့်ရှိသော အမှတ်(၁၈၀) ဒုတိယထပ် (ယာ)အခန်းနှင့် ဦးတင်မောင်ဝင်း ၁၂/လမတ(နိုင်)၀၃၅၉၄၅ ပိုင် ဗိုလ်တထောင်မြို့နယ် ၆၂လမ်း အမှတ် ၂၄ ရှိ အခန်းအမှတ် ၁၁/၁၃၊ ၆-လွှာတစ်ခန်း၊ ၇-လွှာ တစ်ခန်းနှင့် အလိုက် ငွေကျပ်ဆယ်သိန်းတိတိဖြင့် ဖလှယ်ရန် ဦးမြတ်ဆိုင်နှင့် ဦးတင်မောင်ဝင်းတို့ သဘောတူ စာချုပ်များချုပ်ဆိုထားခဲ့ပြီး ဦးတင်မောင်ဝင်းထံမှ အခန်းနှစ်ခန်းကို လက်ရောက်ရယူထားခဲ့သည့်အပြင် ငွေကျပ် ဆယ်သိန်းတိတိကိုလည်း ဦးမြတ်ဆိုင်နှင့် ဇနီး ဒေါ်ခင်ဆွေဦးတို့က လက်ခံရယူထားပြီးဖြစ်ပါသည်။ သို့ရာတွင် ဦးတင်မောင်ဝင်းအား လွှဲပြောင်းပေးရမည့် အမှတ်(၁၈၀) ဒုတိယထပ်(ယာ) ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ်ရှိ တိုက်ခန်းကို ယနေ့အထိ ဦးမြတ်ဆိုင်နှင့် ဇနီး ဒေါ်ခင်ဆွေဦးတို့က ဦးတင်မောင်ဝင်းထံ လက်ရောက်လွှဲပြောင်း ပေးခြင်းမရှိဘဲ ပြဿနာအရှုပ်အရှင်းရှိနေသဖြင့် ယင်းတိုက်ခန်းကို ဦးတင်မောင်ဝင်း၏ သဘောတူ ခွင့်ပြုချက်မရှိဘဲ မည်သူမဆို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းခြင်း၊ အခြား တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းတို့မပြုလုပ်ရန် သတိပေး တားမြစ်အပ်ပါသည်။

ဦးတင်မောင်ဝင်း၏ညွှန်ကြားချက်အရ-

ဦးချစ်လွင်
(ADVOCATE)
B.Com (A.A) D.E.P, R.L
တရားရုံးချုပ်ရှေ့နေ (၂၈၅၉)
အမှတ်(၁၉)၊ ၁၂၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ဖုန်း-၂၉၇၈၃၀။

အသိပေးကြေညာချက်

၁။ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်-၆၀၊ ၆၁၊ ၇၇နှင့် ၇၈ ရှိ မြန်မာနိုင်ငံရုပ်ရှင်၊ သဘင်နှင့် ဂီတအစည်းအရုံးဝင်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအား မြေနေရာချထားပေးခဲ့သော မြေကွက်များသည် နိုင်ငံတော်စီမံကိန်း အကောင်အထည်ဖော်မည့်ဧရိယာတွင် ပါဝင်နေသဖြင့် အဆိုပါမြေကွက်များအား ပယ်ဖျက်ပြီး ယခင်ပေးသွင်းခဲ့သည့် မြေစည်ပင်စရိတ်ငွေများကို ပြန်လည်ထုတ်ပေးမည်ဖြစ်ပါ၍ ၁-၂-၂၀၀၇ရက်မှ ၃၀-၄-၂၀၀၇ရက်နေ့အထိ ရုံးချိန်အတွင်း မြေချပါမစ်မူရင်း (သို့မဟုတ်)မြေဂရန် မူရင်းများ ယူဆောင်လျက် အောက်ပါအတိုင်း ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာ အပ်ပါသည်-

စဉ်	အဖွဲ့အစည်း၊ ဌာန	ဆက်သွယ်ရန်ဌာန
(က)	ရုပ်ရှင်၊ သဘင်၊ ဂီတအစည်းအရုံးဝင်များ	ဒုတိယညွှန်ကြားရေးမှူး စီမံကိန်းဌာနခွဲမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့။
(ခ)	ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဝန်ထမ်းများ	ဒုတိယညွှန်ကြားရေးမှူး မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်မြို့။

ရောင်းရန်ရှိသည်

(၁)အင်းလျားမြိုင်လမ်းမတန်း ပေ ၈၀ x ပေ ၁၀၀ ပေါ်ရှိ နှစ်ထပ်တိုက် (ရေ၊ မီး၊ ဖုန်းပါ)

ဖုန်း- ၅၄၉၁၄၄၊ ၀၉-၆၉၂၂၂၅၉၊
၀၉-၅၀၂၂၁၅၉။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်ကိုကို၏ CDC 57180 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၅၆၄၇၆၃။**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်ကျော်လွင် ၁၂/မဂတ(နိုင်)၀၂၇၉၀၆ သည် မိဘတို့ဆိုဆုံးမမှုကို နားမထောင်ဘဲ မိခင်ကြီး စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မိခင်- ဒေါ်အုန်းခင်
၁၂/မဂတ(နိုင်)၀၂၉၃၇၈။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၉

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက် အော့ဖ် မြန်မာသတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၃၉၂၂၂၃** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ ဖွင့်လှစ် ၍ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)



မရမ်းကုန်းမြို့နယ် အမှတ်(၁၃) အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းနွဲ့က ပထမတန်းမှ ဘာသာစုံ ထူးချွန်ပထမဆုရ မခိုင်ပြည့်မွန်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၃) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၆ ရက်က အဆိုပါကျောင်းခန်းမတွင်ကျင်းပရာ စတုတ္ထတန်း ဘက်စုံဒုတိယဆုနှင့် စာစီစာကုံး ပထမဆု လေးဆုရ မထွန်းအဥ္ဇလီဝင့်အား ကျောင်းအုပ်ဆရာကြီး ဦးအုန်းကျော် ဆုချီးမြှင့်စဉ်။ (ပညာရေး)

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် သရုပ်ပြမီးငြိမ်းသတ်နည်းကို ဇန်နဝါရီ၇ ရက်က တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေးအတွင်း၌ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကျော်ကျော်နှင့် မီးသတ်စခန်းမှူး ဦးကိုကိုကြီးတို့ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးများ အသုံးပြု၍ လက်တွေ့ပြသစဉ်။ (က-ပ)

အမျိုးသားညီလာခံကြီးအောင်မြင်စွာကျင်းပလျက်ရှိရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်လာတော့မည် ပေါ်ပေါက်လာမည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန် ဒေသတွင်း အသိပညာရှင်၊ နည်းပညာရှင်နှင့် ကွန်ပျူတာပညာရှင်များလုံလောက်စွာအဆင်သင့်ရှိနေစေရေး

သိပ္ပံနှင့်နည်းပညာဆိုင်ရာကောလိပ် ၄၉ခုအား တက္ကသိုလ်များအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၁၉

တိုင်းရင်းသားများ ပညာသင်ယူနိုင်မှုအခွင့်အလမ်း တစ်ပြေးညီပွင့်လန်းစေရေးနှင့် ဒေသအလိုက် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းတိုးတက်ရရှိရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခုရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်မှ သိပ္ပံနှင့်နည်းပညာဆိုင်ရာကောလိပ် ၄၉ခုအား တက္ကသိုလ်များအဖြစ်သို့ အသီးသီး အဆင့်တိုးမြှင့်ဖွင့်လှစ်လိုက်သည်။

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရည်မြင့်မားအောင်ဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးသည် အဓိကလိုအပ်သော အခြေခံအကြောင်းရင်း တစ်ခုဖြစ်သည်။

၁၉၈၈ခုနှစ်မတိုင်မီက မြန်မာနိုင်ငံ၏ ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ရှိခဲ့သော တက္ကသိုလ်ကဏ္ဍ အခြေခံအဆောက်အအုံအပိုင်းကို ကြည့်ပါက တစ်နိုင်ငံလုံးတွင် တက္ကသိုလ်နှင့် ကောလိပ် ၃၂ ခုသာရှိခဲ့သည်။ ယင်းတက္ကသိုလ်နှင့်ကောလိပ် ၃၂ခုအနက် နည်းပညာ တက္ကသိုလ်ဟူ၍ ရန်ကုန်မြို့၌ တစ်ခုတည်းသာရှိခဲ့ပြီး ကွန်ပျူတာတက္ကသိုလ်နှင့် ကွန်ပျူတာ ကောလိပ်ဟူ၍ တစ်ခုမျှမရှိခဲ့ကြောင်း တွေ့ရှိရသည်။

ပညာတတ်နည်းပါး

ယင်းသို့ တက္ကသိုလ်နှင့်ကောလိပ် အရေအတွက် နည်းပါးခဲ့သဖြင့် လက်ခံသင်ကြားပေးနိုင်သည့် ကျောင်းသားဦးရေ ကန့်သတ်ချက်များလည်းရှိခဲ့သည်။ ထို့အတူ အဆိုပါ တက္ကသိုလ်နှင့် ကောလိပ်များသည် ရန်ကုန်၊ မန္တလေးနှင့် ပြည်နယ်၊ တိုင်းတချို့ရှိ မြို့ကြီးအချို့၌သာ တည်ရှိခဲ့သဖြင့် ရန်ကုန်၊ မန္တလေးမြို့ကြီး များတွင် နေထိုင်သူများသာ အများစုအဖြစ် တက်ရောက်သင်ယူနိုင်ခဲ့ကြသည်။ ပြည်နယ်၊ တိုင်းဒေသများရှိ ပြည်သူများအတွက် ၎င်းတက္ကသိုလ်များသို့ တက်ရောက်သင်ယူရန် အခက်အခဲများရှိသဖြင့် ပညာရေး အခွင့်အလမ်းများ နည်းပါးခဲ့သည်။ ထို့ကြောင့် ပြည်နယ်၊ တိုင်းဒေသများတွင် နည်းပညာနှင့် ကွန်ပျူတာ ပညာအပါအဝင် ပညာရှင်၊ ပညာတတ်များ နည်းပါးခဲ့သည်။

သို့ဖြစ်၍ တပ်မတော်အစိုးရ နိုင်ငံတာဝန်ယူချိန်မှစပြီး အမျိုးသားပညာရည်မြင့်မားရေးနှင့် နိုင်ငံတော် အတွက် လိုအပ်သော အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု (HIGHLY QUALIFIED HUMAN RESOURCE DEVELOPMENT) အစီအစဉ်များ၊ ဒေသအလိုက်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု (REGIONAL HUMAN RESOURCE DEVELOPMENT) အစီအစဉ်များကို စီမံကိန်းရေးဆွဲချမှတ် အကောင်အထည်ဖော်ခဲ့သည်။

ပိုမိုကောင်းမွန်

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းရင်းသားများ မှီတင်းနေထိုင်ရာဒေသအသီးသီးတွင် ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းစေရေးနှင့် ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး၌ အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခု သတ်မှတ်ပြီး ထိုဒေသ တိုင်းတွင် တက္ကသိုလ်တစ်ခု၊ နည်းပညာကောလိပ်တစ်ခုနှင့် ကွန်ပျူတာကောလိပ်တစ်ခုစီ ဖွင့်လှစ်ပေးခဲ့သည်။ တစ်ပါတည်းမှာပင် အထူးဖွံ့ဖြိုးရေးဒေသတိုင်း၌ ခုတင်၂၀၀ဆံ့ ဆေးရုံကြီးတစ်ရုံစီ တိုးချဲ့မြှင့်တင် ဖွင့်လှစ်ပေးခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးစသည်များ ပိုမိုကောင်းမွန်အောင်လည်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းကဲ့သို့ နိုင်ငံတော်၏ အားပေးမြှင့်တင် ဖော်ဆောင်ပေးမှုကြောင့် ဒေသခံတိုင်းရင်းသားများသည် နည်းပညာ၊ ကွန်ပျူတာပညာနှင့် အဆင့်မြင့်ပညာများကို ဒေသအတွင်း လက်လှမ်းတမီ လွယ်လင့်တကူ သင်ယူနိုင်ခွင့် ရရှိခဲ့ကြပြီး ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ နည်းပညာနှင့် ကွန်ပျူတာပညာတတ်များ ဖြစ်ထွန်းတိုးပွားများပြားလာခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ ✡

တိုင်းရင်းသားလူမျိုးအားလုံး ပညာရည်မြင့်မားပြီး အတွေးအခေါ် ကြံစည်အားထုတ်မှု၊ ဖန်တီးမှုအရည်အချင်းများ ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိ ပန်းမော်၊ လားရှိုး၊ ကျိုင်းတုံကောလိပ်များကို တက္ကသိုလ်အဆင့်တိုးမြှင့်

နေပြည်တော် ဇန်နဝါရီ ၁၉

တိုင်းရင်းသားများ ပညာသင်ယူနိုင်မှုအခွင့်အလမ်း တစ်ပြေးညီပွင့်လန်းစေရေးနှင့် ဒေသအလိုက် အရည်အချင်းမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ထွန်းတိုးတက်ရရှိရေးအတွက် အထူးဖွံ့ဖြိုးရေး ဒေသများရှိ ပညာရေးဝန်ကြီးဌာနအောက်မှ ဒီဂရီကောလိပ်များကို တက္ကသိုလ်အဆင့် တိုးမြှင့်ဖွင့်လှစ်လိုက်သည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ အမျိုးမျိုးအစားစားရှိရာ ပညာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုသည် အနာဂတ် အတွက် အကောင်းဆုံးဖြစ်ခြင်းကြောင့် နိုင်ငံတော်က အမျိုးသား ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပညာရေးကဏ္ဍတွင် ထူးထူးကဲကဲ အမြောက်အမြား အကုန် အကျခံ၍ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ ■

ဘုရားကုန်းငြိမ်းချမ်းရေးအထူးဒေသ ကရင်ပြည်နယ်-ဘားအံမြို့နယ် ကြေညာချက်

အမျိုးသားညီလာခံသည် တိုင်းပြည်နှင့်လူမျိုးအတွက် သေရေးရှင်ရေးတမျှအရေးကြီး မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ပြီးစီးပါက အခြေခံဥပဒေပေါ်ပေါက်လာမည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ရမည်ဟုယုံကြည်

ရန်ကုန် ဇန်နဝါရီ ၁၉

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ဘုရားကုန်း ငြိမ်းချမ်းရေး အထူးဒေသ၊ ကရင်ပြည်နယ်-ဘားအံမြို့နယ်က ဇန်နဝါရီ ၁၆ရက်တွင် သဘောထား ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့်အဖွဲ့ ဘုရားကုန်းငြိမ်းချမ်းရေးအထူးဒေသ
ကရင်ပြည်နယ်-ဘားအံမြို့နယ် ကြေညာချက်

၁၉၅၈ ခုနှစ်မှစ၍ လက်ယာ(အရင်းရှင်)၊ လက်ဝဲ(ဆိုရှယ်လစ်)၊ ကြားနေ(ဘက်မလိုက်)ဝါဒ၊ စနစ်၊ လမ်းစဉ်အားလုံးကို ကျွန်တော်တို့ လေ့လာခဲ့ပါသည်။

စာမျက်နှာ ၇ ကော်လံ ၄ ❒

မြန်မာနိုင်ငံ ဂီတအစည်းအရုံး သဘောထားကြေညာချက်

မြန်မာ့အရေးကိစ္စကို လုံခြုံရေးကောင်စီတွင် ထည့်သွင်းဆွေးနွေးရန်တင်ပြခဲ့သည့် အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်မကန်ဝင်စွက်သည့်လုပ်ရပ်ဆန့်ကျင် ပြည်တွင်းပြည်ပရှိ ပြည်ပအားကိုး ပုဆိန်ရိုးများကို ဆန့်ကျင်ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၁၉

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ဇန်နဝါရီ ၁၅ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင် ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
မြန်မာနိုင်ငံဂီတအစည်းအရုံး၏ သဘောထားကြေညာချက်

၁။ ၂၀၀၆ခုနှစ် စက်တင်ဘာလ၁ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးဂျွန်ဘိုလ်တန်က မြန်မာနိုင်ငံ၏အရေးကိစ္စသည် ဒေသတွင်း

စာမျက်နှာ ၇ ကော်လံ ၁ ●